
နိုးနိုးစာပေ

# အကြုပ်ပြေဝက်
# ညာတာရပါတော:





## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောက်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၁၁၇၀၇၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၀၅၉၀၈၀၈ |
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြဲ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | အောင်မင်းလွင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ။<br>ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၈၀၀ ကျပ် |

အကြည်တော်

# ညာတာပါတေး

စိုးမိုးစာပေ

ဂျိုင်းခနဲ ထောင်တံခါးပိတ်သံကြားတာတောင် မြင့်ဦးလှည့်မကြည့်တော့။ သူ့ရှေ့က မမြင်ရတာကြာပြီဖြစ်တဲ့ မြင်ကွင်းနဲ့ လတ်ဆတ်တဲ့လေကို ရှူရှိုက်ရင်း ဝမ်းသာအားရ ပြုံးလိုက်မိသည်။

ဟား. . .

ထောင်ကထွက်တဲ့နေ့ဟာ ဝမ်းအသာရဆုံးနေ့ဆိုတာ တကယ်မှန်ကြောင်းကိုလည်း စိတ်ထဲမှာကျိတ်ထောက်ခံနေမိ၏။

နှစ်အနည်းငယ် ထောင်ထဲရောက်နေတဲ့အတွက် သူ့အတွက် အရင်မြင်နေကျမြင်ကွင်းကိုက ထူးဆန်းနေသည်။ သူ အသက်ကို ခပ်ပြင်းပြင်းရှူသွင်းလိုက်၏။ ပြီးတော့ နှုတ်ကလည်း . . .

'တော်ပြီ၊ ရှေ့ဆက်ပြီး ငါမဟုတ်တာတွေ ဘာမှ မလုပ်တော့ဘူး'

သူ့စကားမဆုံးခင်မှာဘဲ ကြားလိုက်ရတဲ့အသံက-

'ဟုတ်တယ်၊ ကျုပ်လည်း မဟုတ်တာမလုပ်တော့ဘူး'

ရုတ်တရက်ထွက်လာတဲ့အသံကြောင့် သူလည်းလန့်ဖျပ်ပြီး နောက်လှည့်ကြည့်လိုက်တော့-

ကျော်ကို။ သူခိုးကျော်ကို။ သူ့ကို ထောင်ထဲရောက်အောင် ဒုက္ခပေးခဲ့တဲ့ သူခိုး။ သူလည်းသူခိုးကိုမြင်တော့မျက်လုံးကြီးပြူးပြီး-

'ဟင်၊ မင်း. . . မင်း. . . မင်းလည်း လွတ်လာပြီ'

ဆိုတာကို သူခိုးက မွှမွှလေးပြုံးပြီး-

'တစ်မှုတည်းပဲဗျာ၊ အတူတူပဲ လွတ်မှာပေါ့ ဟုတ်ဘူးလား၊ အင်း . . . ကောင်းလေစွ၊ ကောင်းလေစွ'

ဟုတ်သား။ သူနဲ့ဒီသူခိုးက ခိုးမှုတစ်မှုတည်းနဲ့ ထောင်အတူကျခဲ့ကြသည်မဟုတ်ပါလား။ ယခု သူလွတ်သည့်ရက်မှာမှ သူခိုးလည်းလွတ်လာသည်ပေါ့။

'တောက်'

ဝကြီး မကျေမနပ် တောက်ခတ်လိုက်သည်။ သူခိုးကတော့ ခပ်တည်တည်ပင်။ ဝကြီး သူခိုးကို ကြည့်မရပေမယ့် ဘာမှမလုပ်ရဲ။ သူကိုယ်တိုင် အခုမှထောင်ထဲကထွက်ပြီး ပြန်မဝင်ချင်။ ထို့ကြောင့် စကားနည်းရန်စဲ သဘောဖြင့်သာ ကိုယ့်ဘာသာကိုယ် အိမ်ပြန်ရန်ပြင်လိုက်သည်။

ခြေလှမ်း လေးငါးလှမ်းလောက်မှာပင် အနောက်မှကပ်ပါလာသော ခြေသံကြား၍ မသင်္ကာဖြစ်နေသည်။ သို့သော် လှည့်မကြည့်သေး။ နောက်တစ်လှမ်း၊ နှစ်လှမ်း ခြေသံကကြားရတုန်း။ မသင်္ကာ၍လှည့်ကြည့်လိုက်တော့-

'ဟင်'

သူခိုး. . . သူခိုးက သူ့နောက်က ကပ်ပါလာသည်။ သူခိုး သူနှင့်ကပ်ပါလာသည်ကိုမြင်တော့ ဝကြီးလည်းမျက်လုံးပြူးသွားပြီး-

'ဟင်. . . မင်း မင်း ငါ့နောက်ဘာလိုက်လုပ်တာလဲကွ၊ ဟေ'

ဝကြီး ဒေါသတကြီးအော်သံ။ သူခိုးကမထီတရီပြုံးပြီး-

'ခင်ဗျားနောက်ကို လိုက်တာမဟုတ်ပါဘူး၊ ကိုယ့်အိမ်ကိုယ်ပြန်တာပါ။ ဟဲ ဟဲ'

'ဟင် . . . မင်း မင်းအိမ်က ဘယ်မှာမို့လို့လဲကွ'

'ကျွန်တော့်အိမ်ကလား'

ဝကြီးစကားကို သူခိုးက ဒူးလေးနှန့် ပခုံးလေးတစ်ခြမ်းစောင်းပြီး ပြုံးလိုက်သေး၏။ ပြီးမှ-

'ကျွန်တော့်မိန်းမရှိတဲ့အိမ် ကျွန်တော့်အိမ်ပေါ့ဗျ၊ ဟား. . ဟား'

'ဟင်'

သူခိုးစကားကြောင့် ဝကြီးကြက်သေ သေသွား၏။

သူခိုးမိန်းမ သရဲဗလ။ သရဲဗလက ဝကြီးမိန်းမသူဇာညီမ။ သူဇာ့ညီမဆိုတော့ ဝကြီးခယ်မ။ ဒီအတိုင်းဆို သူခိုး သူ့မိန်းမ အိမ်ပြန်မည်ဆိုတာ သူ့အိမ်ပြန်တာနှင့်အတူတူပင်မဟုတ်လား။ သူဇာနှင့် ဝကြီးခယ်မသရဲဗလတို့က တစ်အိမ်တည်းနေသူတွေလေ။

ဝကြီး ချက်ချင်းခေါင်းရှုပ်သွား၏။ ထောင်ကထွက်လာခြင်း သူခိုးတစ်ယောက်အိမ်ခေါ်သွားဖို့ မည်သူက ခေါ်သွားချင်မှာလဲ။ ယခု သူမခေါ်ပါဘဲ သူခိုးက သူ့အိမ်အလိုအလျောက် ရောက်ရတော့မည့်အခြေ။ ထို့ကြောင့် စိတ်ရှုပ်စွာနဲ့ပဲ-

'ဟာ . . ဟေ့ကောင် အဲဒါငါ့အိမ်ကွ၊ မင်းအိမ်မဟုတ်ဘူး၊ မှတ်ထား'

သူ့ရဲ့ အော်ကြီးဟစ်ကျယ်စကားကို သူခိုးက နိုင်ငံခြားမင်းသားဟန်နှင့် ပခုံးတွန့်ပြုံးကာ-

'ကျုပ်သိပါတယ်ဗျ'

'သိရင် ဘာလို့လိုက်နေရတာလဲ'

'အဲဒီအိမ်မှာ ကျုပ်မိန်းမလွန်းငွေငွေရှိတယ်လေ'

'ရှိတော့'

'ကျုပ်မိန်းမ ကျုပ်ခေါ်ပြီးသွားမှာပါ'

သူခိုးစကားကြောင့် ဝကြီးပျော်သွားသည်။ ဒါ နှစ်ရှည်လများ သူမျှော်လင့်နေသည့် မျှော်လင့်ချက် မဟုတ်ပါကလား။ လွန်းငွေငွေ(ခေါ်)

သရဲဗလကြီးကို သူ့အိမ်မှ နှင်ထုတ်ချင်နေသည်မှာ ကြာမှပဲကိုး။ အရှင်းလင်းဆုံး ပြောရလျှင် သူ ထောင်ထဲမဝင်ခင်ကတည်းကပင်။ ယခု သူခိုးကျော်ကိုက သူ့ရဲ့မိန်းမ၊ ဝကြီးရဲ့ခယ်မ သရဲဗလကိုအိမ်ထဲမှ ခေါ်ထုတ်သွားမည်ဆိုတော့ သူ့လောက်ပျော်မည့်လူ ဘယ်မှာရှိအုံ့နည်း။ ထို့ကြောင့်-

'မင်း တကယ်ပြောတာနော်'

'ကျော်ကို ကတိပါ'

'အေး. . . ဒါဆို မြန်မြန်လိုက်ခဲ့'

ဝကြီး မလုပ်ဖူးသောအလုပ်ကို လုပ်လိုက်သည်။ ဒါကတော့ သူခိုးလက်ကို လှမ်းဆွဲလိုက်ခြင်းပင်။နောက် အားပါသောခြေလှမ်းမျိုးနှင့်။

*　　*　　*

ခါတိုင်းဆို ဗလသုံးတန်ကြောင့် (ဘီလူးဗလ သူ့ယောက္ခမ၊ သရဲဗလ သူ့ခယ်မ၊ အာနိုးဗလ သူ့မိန်းမ) ဆူညံပျာယာခတ်နေတတ်သော သူ့အိမ်ကလေး ငြိမ်အေးတိတ်ဆိတ်နေသည်။ ယခင်က သူစိုက်ပျိုးထားသော သစ်ပင်ပန်းပင်များသည်လည်း နဂိုကလိုမဟုတ်ဘဲ ညှိုးနွမ်းရင့်ရော်နေပြီ။

သြော်. . . သူမရှိတော့လည်း သူ့သစ်ပင်များကို ဂရုမစိုက်ကြတော့ပြီထင့်။

'သူဇာ. . . သူဇာ. . . သူဇာ'

ဝကြီးရဲ့ အသံမြှင့်ခေါ်သံ။ အထဲမှ ဘာမှ လှုပ်ရှားမှုမမြင်ရ။ ရုတ်တရက် ဝကြီးကြောင်သွားသေး၏။ နောက်မှ သြော် ဒီကောင်မတွေ အိပ်များနေကြလား။ ဒါမှမဟုတ် ထုံးစံအတိုင်း အိမ်လည်အတင်းတုတ်နေကြလား

မသိဟု စဉ်းစားမိပြီး အိမ်ခြံထဲဝင်ကာ အသံထပ်မြှင့်၍ ခေါ်လိုက်သည်။ သူ့နောက်က သူခိုးကပ်လျက်. . .

'သူဇာ. . သူဇာရေ့. . သူဇာ'

အိမ်တံခါး ဖျတ်ခနဲပွင့်လာ၏။ ဝကြီးဝမ်းသာအားရဖြင့် အိမ်ပေါက်ဝနားပြေးသွားရင်း-

'သူဇာ. . . သူဇာ. . . သူဇာ၊ ဟင်'

သူ့အော်သံမဆုံးခင် အိမ်ထဲကထွက်လာသောအရိပ်တစ်ခု။ ကြည့်လိုက်တော့ သူ့မိန်းမသူဇာမဟုတ်။ လူကြီးတစ်ယောက်။ သူမသိသော လူကြီးတစ်ယောက်။

'ဘာကိစ္စရှိလို့လဲကွဲ့'

လူကြီးရဲ့အမေး။ ဝကြီး ရုတ်တရက်ကြောင်နေသေးသည်။ နောက်မှ သတိရသွားပြီး-

'ဟိုလေ. . . သူဇာ၊ သူဇာ တို့. . . '

သူ့ရဲ့အမေးကို လူကြီးက ဦးဝမ်ချူးမျက်မှောင်ကြုတ်နည်းအတိုင်း ကြုတ်ပြီး-

'ဘယ်က သူဇာကိုပြောတာလဲ'

လူကြီးရဲ့စကားကြောင့် ဝကြီး ကယောင်ကတမ်းနှင့် လက်ညှိုးတောင်ထိုးမြောက်ထိုးဖြစ်သွားပြီး-

'ဟိုလေ. . . ဒီအိမ်က သူဇာတို့၊ လွန်းငွေငွေတို့'

လူကြီးက ခေါင်းကိုကုတ်စဉ်းစားရင်း-

'ဩော် . . . ဒီအိမ်ကို ဟိုးအရင်က ရောင်းခဲ့တဲ့ သူငယ်မတွေကို ပြောတာထင်တယ်၊ သူတို့က ဒီအိမ်ကို ဦးငွေမောင်တို့ဆီရောင်းပြီး ဦးငွေမောင်ဆီကမှ မသန်းရီ၊ မသန်းရီဆီကမှ ဦးတို့ပြန်ဝယ်ထားတာကွဲ့'

'ဗျာ'

ဝကြီး မျက်စိများ ပြာဝေမူးမိုက်မတတ် ဖြစ်သွားရ၏။ သွားပြီ။ သူမရှိခင် အချိန်ကလေးအတွင်းမှာပင် အသုံးမကျသည့်သူ့မိန်းမ အာနိုးဗလက သူ အနှစ်နှစ်အလလ ကြိုးစားစုဆောင်းဝယ်ယူခဲ့သော အိမ်ကလေးကိုအပြီး

www.foreverspace.com.mm

တိုင်ရောင်းချသွားပြီ။ ရောင်းတာတောင်မှ ဝယ်လက်သုံးလက်တောင် ပြောင်းသွားပြီဆိုတော့ သူထောင်ကျသွားပြီး မကြာခင်မှာပင် ရောင်းချသွားခဲ့ဟန်တူသည်။

'တောက်'

တောက်ခတ်ရုံမှတစ်ပါး ဘာမှမတတ်နိုင်တော့။ စိတ်ရှုပ်လွန်း၍ ခေါင်းကိုခပ်ကြမ်းကြမ်းယမ်းခါလိုက်သည်။ ယခုမှ သူ့ဘဝက သောင်ပြင်မှာလွတ်သောခွေးလို ဘယ်ပြေးလို့ပြေးရမှန်းမသိတော့။ အလုပ်ကလည်းမရှိ နေစရာကလည်းမရှိသေး။ သူ့ဘဝကိုပြန်တွေးပြီး ရင်လေးသွားမိ၏။ နောက်မှ အားတင်းပြီး အသက်ကိုခပ်ပြင်းပြင်းရှူသွင်းကာ-

'တော်ပြီ . . . ပြီးခဲ့တာတွေ ဘာမှမစဉ်းစားတော့ဘူး၊ ဒီနေ့ကစပြီး ငါ့ခြေထောက်ပေါ် ငါရပ်ပြီး အလုပ်ပြန်ကြိုးစားတော့မယ်'

ဝကြီး၏ကြုံးဝါးသံ။ သူ့ရဲ့နောက်က ထွက်ပေါ်လာသော ညောင်နာနာ အသံက-

'ဟုတ်တယ်၊ ကျုပ်လည်းအဲလိုပဲ'

ဆိုတဲ့အသံကြားလို့ လှည့်ကြည့်လိုက်တော့ သူခိုး။ သူခိုးကျော်ကို။

သူလှည့်ကြည့်လိုက်တာမြင်တော့ ရှက်ကိုးရှက်ကန်းနှင့် ပြီတီတီပြုံးကြည့်နေသေး၏။ ဒါကိုဝကြီးက-

'ဟေ့ကောင်၊ အောင်မာ သူခိုးကများ အလုပ်ကြိုးစားမယ်လေး ဘာလေးပြောရအောင်၊ ဘာလဲ မင်းကြိုးစားပြီး ခိုးစားဦးမှာလားကွ၊ ဟေ'

ဆိုတော့ သူခိုးက သူ့ရင်ဘတ်ပြားပြားသေးသေးကိုကော့ လက်သီးကိုဆုပ် ဟန်တင်းပြီး-

'ကျုပ်ကိုအဲလိုမပြောနဲ့၊ ကျုပ်တစ်သက်လုံး မခိုးစားတော့ဘူးလို့ သံန္နိဋ္ဌာန်ချလိုက်ပြီ'

သူခိုးရဲ့ ပြတ်သားတဲ့စကားကြားတော့ ဝကြီးဝမ်းသာသွားသည်။ ဒါ့ကြောင့် အားရဝမ်းသာပြုံးပြီး-

www.foreverspace.com.mm



'အေး . . . ကောင်းတယ်ကွာ၊ ဒါနဲ့ မင်းဘာလုပ်စားမလဲ'
'လိမ်စားမယ်'
'အမ်'

* * *

www.foreverspace.com.mm



ဝကြီး ဘယ်သွားရမှန်းမသိဖြစ်နေသည်။ အိမ်ကလည်းမရှိ။ အလုပ်ကလည်းမရှိဆိုတော့ သူ့ဘဝကြီးယောင်လည်လည်ဖြစ်နေပြီ။ အရင်လုပ်နေကျ ပွဲစားတန်းသွားတော့လည်း သူနဲ့လုပ်ဖော်ကိုင်ဖက် ပွဲစားမျိုးမြင့်ထွန်းက-

'အေးကွာ မင်းကနာမည်ပျက်ရှိသွားပြီဆိုတော့ ဒီအလုပ်ထဲ ပြန်ဝင်ဖို့ လွယ်တော့မှာမဟုတ်ဘူး၊ ဒီမှာက မင်းဘယ်လိုပြောပြော ယုံကြမှာမဟုတ်တော့ဘူး၊ ဒါ့ကြောင့် တခြားမှာသာ'

မျိုးမြင့်ထွန်းစကားကို ဝကြီးဆက်မကြားရဲတော့။ ခေါင်းကိုငုံ့ရင်းသာ-

'ငါနားလည်ပါတယ်သူငယ်ချင်းရာ၊ ငါ့ဘာသာငါသာ'

www.foreverspace.com.mm



သူ့စကားကိုပင် သူဆက်မကြားချင်တော့။ မျိုးမြင့်ထွန်းက-

'မင်းအတွက် လက်ဖက်ရည်ဖိုး'

ဆိုတာတောင် မာနနဲ့မယူဘဲ-

'ရပါတယ်သူငယ်ချင်းရာ၊ ငါ ဒီလောက်မညံ့သေးပါဘူး'

ဆိုပြီး အတင်းထွက်ခဲ့ပြီလေ။

အခုမှ  သူ နောင်တရနေပြီ။ ဗိုက်ကလည်းဆာ၊ သွားစရာကလည်း မရှိ။ ဘယ်သွားလို့ သွားရမှန်းလည်းမသိဘဲ ယောင်ပေပေဖြစ်နေမိသည်။ အဲဒီအချိန်မှာပဲ-

'ဘယ့်နှယ်လဲကိုဝကြီး၊ ဗိုက်က ဆာနေပြီမှတ်တယ်၊ ဟင်း. . . ဟင်း'

ဆိုတဲ့ ခနိုးခနဲ့ အသံကြားလို့ လှည့်ကြည့်လိုက်တော့-

'ဟင်'

သူခိုးကျော်ကို အောင်မာ၊ ထောင်က ထွက်ခဲ့သလိုမျိုးတောင် မဟုတ်ဘဲ၊ အဝတ်အစား တောက်တောက်ပြောင်ပြောင်နဲ့အပြင် ခါးမှာလည်း ဟမ်းဖုန်းနဲ့ဘာနဲ့။ ဒီကောင့်ကို ဒီလိုပုံမျိုးတွေ့လိုက်တော့ ဝကြီးကိုယ့် မျက်စိတောင် ကိုယ်မယုံချင်။ ဒါနဲ့ပဲ-

'ဟင်း. . . ဟင်း. . . မင်း'

'ဟဲ. . ဟဲ၊ သိပ်မအံ့သြပါနဲ့၊ ဒါအစပဲရှိသေးတယ်၊ နေဦး ခင်ဗျား ဗိုက်သိပ်ဆာနေမှာပေါ့'

ဝကြီး ယောင်ယောင်ကန်းကန်းနဲ့ ခေါင်းတရစပ်ညိတ်မိသည်။ ဟုတ်တယ်လေ။ သူ့ခမျာလည်း အမှန်တကယ်ဆာလောင်နေပြီလေ။

'ဒါနဲ့ မင်း မင်း ငါ့ကိုကျွေးဖို့ ပိုက်ဆံရှိလို့လား'

သူခိုးက မထီတရီ ပြုံးပြီး-

'အခုတော့  ဘယ်ရှိဦးမှာလဲဗျ'

'ဟင်'

'ဒါပေမဲ့ မကြာခင်မှာပဲစားဖို့သောက်ဖို့အပြင် တည်းဖို့ခိုဖို့ ပိုက်ဆံပါ ရှိလာမှာပါ'

သူ့စကားကြောင့် ဝကြီးမျက်လုံးပြူး ဆံပင်များထောင်သွားသည်။

www.foreverspace.com.mm



'ဟင် ဒါဆိုမင်းဘာလုပ်ဦးမှာလဲ'

သူ့စကားမဆုံးခင် သူခိုးကဖြတ်ပြီး-

'ဘာမှမေးမနေနဲ့၊ ဟိုမှာကားလာနေပြီ၊ လှမ်းတားလိုက်ဦး'

ဆိုတော့ ဝကြီးလည်း ယောင်ယောင်ကန်းကန်းနဲ့ ဖြတ်လာတဲ့တက္ကစီတစ်စီးကို လှမ်းတားလိုက်သည်။ တက္ကစီရောက်လာတာနဲ့ ကျော်ကိုက ကားခေါင်းခန်းဝင်ထိုင်လိုက်ပြီး-

'အေးဗျ . . . အိမ်မှာ အလှူကလေးလုပ်ချင်လို့ ကုန်ခြောက်ပစ္စည်းဘယ်ဈေးစုံတုံး ကားဆရာ'

သူ့အမေးကို ကားဆရာက မျက်မှောင်ကြုတ်စဉ်းစားလိုက်ပြီး-

'ညောင်ပင်လေးဈေးဆို စုံလောက်ပါတယ်ဆရာ'

ဆိုတော့ ကျော်ကိုက-

'ဒါဖြင့် ညောင်ပင်လေးဈေးသာမောင်းဗျာ'

ကားက ဘီးလှိမ့်သွားပြီ။ ဝကြီးကတော့ ကျော်ကိုဘာလုပ်လို့ လုပ်နေမှန်းမသိဘဲ ကြောင်တောင်တောင်နဲ့ ကားပေါ်ပါလာသည်။ မမြင်ရတာကြာ၊ မရောက်တာကြာတဲ့ မြင်ကွင်းတွေမြင်တော့ ဝကြီးအခုကြုံနေရတဲ့အခြေအနေကိုခေတ္တမေ့သွားသည်။ ယခင်က တစ်ထပ်တိုက်တွေနေရာမှာ မိုးထိမတတ် တိုက်မြင့်ကြီးတွေ၊ လှပသွယ်တန်းနေတဲ့ဉယျာဉ်တွေ၊ ကျယ်ပြန့်လာတဲ့ လမ်းမကြီးတွေနဲ့ ကြည့်ရှုရ၍မကုန်စရာ လူတွေကိုကြည့်ပြီး ဝကြီးကျေနပ်နေသည်။

ဩော် . . . သူ့ဘဝသူ ပြန်စဉ်းစားကြည့်တော့ နာမည်ကျော်ပွဲစားဘဝကနေ အသုံးမကျတဲ့ ခယ်မပွပွကြီးကို လင်ပေးစားခဲ့ရာမှ ခယ်မက အခုကားပေါ်အတူပါလာတဲ့ သူခိုးကျော်ကိုနဲ့ရပြီး သူပါဘုမသိဘမသိနဲ့ သူခိုးဘဝနဲ့ ထောင်ကျခဲ့တယ်မဟုတ်လား။ အခုမှထောင်ကထွက်တာ တစ်မနက်ခင်းစပဲ ရှိသေးတော့ သူ့ဘဝ ဘယ်လိုပြန်စရမယ်ဆိုတာ မသိနိုင်သေး။

ဝကြီး ရင်လေးစွာသက်ပြင်းချလိုက်သည်။ အဲဒီအချိန်မှာပဲ-

'ရောက်ပြီ'

www.foreverspace.com.mm



အသံကြားလို့ကြည့်လိုက်တော့ ညောင်ပင်လေးဈေးဆိုတဲ့ ဆိုင်းဘုတ်ကြီးကို မြင်နေရပြီ။ ကျော်ကိုက ကားပေါ်က ခပ်တည်တည်ဆင်း၊ ဟန်းဖုန်းကိုထုတ်ပြီး-

'ကားဆရာ ဒီကခဏစောင့်လို့ဖြစ်မလား၊ ကျွန်တော် အလှူအတွက် ဝယ်ရမယ့်ပစ္စည်းတွေ တစ်ခါတည်းတင်သွားချင်လို့'

ဆိုတော့ ကားဆရာက တစ်ချက်စဉ်းစားလိုက်ပြီး-

'ဘယ်လောက်ကြာမှာလဲ'

'မကြာပါဘူး၊ အလွန်ဆုံး ဆယ့်ငါးမိနစ်၊ ဒီကပြီးရင်ပစ္စည်းတွေ တင်ပြီး တောင်ဥက္ကလာဆယ့်သုံးရပ်ကွက်ဈေးဘေးက အိမ်နံပါတ်လေးဆယ့်သုံးကိုပြန်သွားမှာ၊ ဒီမှာလည်း ဒီကအစ်ကိုက ကူစောင့်ပေးမှာပါ'

သူ့စကားကို ကားဆရာက ခေါင်းညိတ်ကာ-

'ရတယ်လေ . . . ဆယ့်ငါးမိနစ်ဆိုတော့စောင့်ပေးပါ့မယ်၊ ခင်ဗျားလူလဲရှိနေမှာပဲ'

'ဗျာ'

ကားဆရာစကားကြောင့် ဝကြီးခေါင်းနားပန်းကြီးသွားသည်။ အဲဒီအချိန်မှာပဲ ကျော်ကိုက-

'ကဲ. . . ကိုဝကြီး ကျုပ်သွားပြီဗျို့၊ ခဏလေးနေ ပြန်လာမယ်'

ဆိုပြီး ထွက်ချသွားတော့-

'ဟာ. . . ဟေ့၊ ဟေ့ကောင်. . . ဟေ့ကောင်'

ဝကြီး တားမြစ်ချိန်ပင်မမီတော့။ ကျော်ကို၏ခြေလှမ်းများက ဝါရင့်သူခိုးပီသစွာ မှန်ထွက်နေသည်။

သွားပြီ။ ထိပြီ။ ဝကြီးတို့ခံရပြန်ပြီ။ ဟိုကောင်က ကားခမပေး၊ ဘာမပေးနဲ့ ခပ်တည်တည်စီးလာပြီး ခပ်တည်တည်ဆင်းချသွားပြီ။ အခုတော့ ကားပေါ်မှာ ကားဆရာနဲ့သူ နှစ်ယောက်တည်း။ သူ့ဆီမှာက ကားခပေးဖို့မပြောနဲ့။ ကွမ်းစားစရာပိုက်ဆံ အကြွေလေးတောင်မရှိ။ အဲဒါနဲ့ ကားဆရာကို ဘယ်လိုရှင်းပြလို့ ရအံ့တော့နည်း။

သေပြီ။ ပထမဆုံး သူအလိမ်ခံရပြီ။ ဒီအချိန်မှာမှ ထွက်ပြေးလို့က

www.foreverspace.com.mm



လည်း မဖြစ်။ ကားဆရာကိုပဲ တောင်းပန်ရမလား။ ဒါမှမဟုတ် ထွက်ပဲပြေး ရမလား စဉ်းစားနေတုန်းမှာပဲ-

'အဲ. . အဲ ဟိုကားပဲညီလေး၊ အဲဒီကိုသွားတင်လိုက်'

ဆိုတဲ့ အသံနဲ့အတူ ဟန်းဖုန်းကိုပြောရင်းညွှန်ပြနေတဲ့ ကျော်ကို။ သူ့နောက်မှာမှ ဆန်အိတ်ကြီးထမ်းလာတဲ့ အလုပ်သမားတစ်ယောက်။

'ဟင်'

ထင်မှတ်မထားသောမြင်ကွင်းကြောင့် ဝကြီးမှင်သက်သွားသည်။

'ကားဆရာ နောက်ခန်းဖွင့်ပေးလေ'

အသံနဲ့အတူ ကားဆရာ ကားနောက်ခန်းဖွင့်ပေးသည်။ ဒီကောင်ဘာလုပ်တာလဲ၊ ဘာအကြံအစည်လဲ၊ စဉ်းစားနေတုန်းမှာပဲ ကျော်ကိုက-

'ကိုဝကြီး . . . ဒီကိုခဏဗျာ'

ဆိုတဲ့ခေါ်သံ။ ဝကြီးလည်း ဘုမသိဘမသိနဲ့ ကားပေါ်ကဆင်းလိုက်သည်။ ဒါကို သူ့နောက်ကလိုက်တက်လာတဲ့ လူတစ်ယောက်က-

'ကြက်သွန်ငါးပိသာ အစ်ကို'

ဆိုတာကို ကျော်ကိုက ခပ်တည်တည်နဲ့-

'အေး. . . အဲဒီမှာ အစ်ကို့ကားပေါ်တင်လိုက်'

အစ်ကို့ကားပေါ်တဲ့ ပြောပုံကပိုင်စိုးပိုင်နင်း။ ဝကြီးလည်း ဘာမှမဝေခွဲနိုင်တော့လို့ ကျော်ကို့နားကပ်ပြီး-

'ဟေ့ကောင်. . . မင်းဘာလျှောက်လုပ်နေတာလဲ'

ဝကြီးအမေးကို ကျော်ကိုကအံကြိတ်သံနဲ့-

'ခင်ဗျားဘာမှမသိဘဲ အသာနေစမ်းပါ'

ဆိုပြီး သူ့ဟန်းဖုန်းနဲ့ပြောသလိုနဲ့ အသံကိုအားလုံးကြားနိုင်အောင် မြှင့်ပြီး-

'ဟယ်လို. . အင်း. . ဒီမှာပစ္စည်းတွေတော့ဝယ်နေပြီ၊ ဒါပေမဲ့ ပိုက်ဆံက မလောက်ဘူးဖြစ်နေတယ်၊ အဲဒါဗျာ သြော်. . ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ကားဆရာဆီကပဲ ခဏဆွဲထားလိုက်မယ်၊ အိမ်ရောက်မှ ပြန်ရှင်းလိုက်ပေါ့ဗျ၊ နော့'

www.foreverspace.com.mm



ဆိုပြီး ဟန်းဖုန်းရဲ့စကားပြောပေါက်ကို လက်နဲ့ပိတ်ပြီး-

'ကြားတဲ့အတိုင်းပဲ ကားဆရာရေ၊ ဈေးဝယ်ရင်းလက်လွန်နေလို့ ပိုက်ဆံလေးအပိုလာရင် ခဏလောက်ပေးပါဗျာ၊ အိမ်ကျပြန်ရှင်းပါ့မယ်'

ဆိုတော့ ကားဆရာလည်း သူ့ကားပေါ်က ပစ္စည်းတွေကြည့်ပြီး တက်ကြွကာ-

'အလှူအတွက်ပဲ. . . ကူညီရမှာပေါ့၊ ဒါနဲ့အိမ်ကျမှကားခနဲ့ ပေါင်းရှင်းမှာနော်'

ဆိုတာကို ကျော်ကိုက ခပ်တည်တည်ပြုံးပြီး-

'စိတ်ချပါဗျာ. . . ဝယ်ထားတဲ့ပစ္စည်းတွေလည်း ကြည့်ပါဦး၊ ခင်ဗျားကားတစ်စီးတည်းတင် လုံလောက်ပါ့မလားပဲ'

ဆိုတော့ ကားဆရာက သူ့အိတ်ထဲပြန်နှိုက်ပြီး-

'ရော့. . . ဒီမှာ ဒီနေ့ကားမောင်းလို့ရတဲ့ငွေ သုံးသောင်းပဲပါတယ်၊ ဒါပဲယူထားလိုက်'

သူခိုးလက်ထဲ ငွေသုံးသောင်းထိုးပေးလိုက်သည်။ ကျော်ကိုက ငွေကိုလုံးဝတောင်မရေကြည့်ဘဲ သူ့အိတ်ထဲထိုးသွင်းကာ-

'ကျေးဇူးပါပဲဗျာ'

ဆိုပြီး ဖုန်းကိုသူ့နားထဲပြန်ကပ်ကာ-

'ဟယ်လို. . . အင်း. . ရပြီ ရပြီ၊ နေဦး ဘာဝယ်ရဦးမယ်ဆိုတာ ပြောဦး၊ ဆန်၊ ဆီ၊ ဆီကဘယ်နှပိဿာလဲ'

ဆိုကာ ဈေးထဲဘက်ပြန်လှည့်သွားသည်။ ဝကြီးလည်း အူကြောင်ကြောင်နဲ့ ကျော်ကို့နောက် ယောင်ပေယောင်ပေ လိုက်သွားမိသည်။ နောက် သူဈေးဝယ်တဲ့ဆိုင်ရှေ့လည်းရောက်ရော ဖုန်းခွက်ကိုနားကပ် ခပ်တည်တည်နဲ့ရပ်ပြီး-

'ဘာ. . . အချိုပွဲအတွက်မုန့်၊ ဟာ. . . ပိုက်ဆံက ဒီမှာဈေးဝယ်လို့ကုန်ပြီလေ မုန့်ဝယ်ဖို့ဘယ်ကျန်တော့မှာလဲ၊ မရှိတော့ဘူးကုန်ပြီ၊ ဘာဈေးဝယ်တဲ့ဆိုင်ကခဏယူပြီး အိမ်ရောက်မှရှင်းရမယ်၊ ဖြစ်ပါ့မလား၊ မျက်နှာပူစရာကြီး'

www.foreverspace.com.mm



သူတစ်ယောက်တည်း ဖုန်းထဲကပြောနေသည်။ ဆိုင်ကလူတွေက လည်းသူ့ကို ငေးကြည့်နေသည်။ ကျော်ကိုကတော့ ခပ်တည်တည်ပဲ။

'ဒါဆိုလည်းပြီးရော၊ ပြောကြည့်မယ်လေ'

ဆိုပြီး သူစျေးဝယ်နေတဲ့ဆိုင်ရှင်ဘက်လှည့်ကာ-

'ကဲ. . . ကြားတဲ့အတိုင်းပဲဗျာ၊ အလှူလုပ်ဖို့ ပစ္စည်းတွေဝယ်ရင်းနဲ့ ငွေတွေက လက်လွန်ကုန်တယ်၊ အလှူကလည်း အလှူကြီးလေ၊ လာသမျှ လူအားလုံး မီးခိုးမတိတ်တမ်း ထမင်းကျွေးချင်တာဆိုတော့ ယူလာတဲ့ငွေမလုံ လောက်ဘူးဖြစ်နေတယ်၊ အဲဒါ ဒီဆိုင်က လူတစ်ယောက်ထည့်လိုက်ပေါ့ အိမ်ရောက်တော့ အားလုံးရှင်းပေးပြီး ကားနဲ့ပြန်ပို့ပါ့မယ်'

အားလုံးကသူ့ကိုကြည့်ပြီး ကြောင်တောင်တောင်နဲ့ခေါင်းညိတ်ကြသည်။ ဒါကို ကျော်ကိုက ခါးကိုမတ်ပြီး-

'အဲဒါဗျာ. . . အလှူအတွက်ကတော့ ပြည့်စုံသလောက်ရှိပါပြီ၊ ဝက်က အချိန်နှစ်ဆယ်နော်ကိုဝကြီး'

ဆိုပြီး မဆီမဆိုင်လှည့်မေးတော့ ဝကြီးလည်းဘုမသိဘမသိခေါင်းညိတ်ကာ-

'ဟုတ်ကဲ့၊ အချိန်နှစ်ဆယ်ပါ'

'အချိန်နှစ်ဆယ် လောက်ပါ့မလား'

'လောက်ပါတယ်'

'ဒါဆိုအချိုပွဲအတွက်ပဲကျန်တာပေါ့'

'ဟုတ်. . . ဟုတ်'

ဝကြီးလည်း တိုင်ပင်မထားပေမဲ့ ကပ်ပါသွားသည်။ ဒါကို ကျော်ကိုက ဆိုင်ရှင်ဘက်လှည့်ပြီး-

'အဲဒါဗျာ. . . အလှူအတွက်က အချိုပွဲပဲကျန်တော့တာ၊ အချိုပွဲပြီးရင် အထမြောက်ပြီ၊ အဲဒါကြောင့် ငွေလေးနည်းနည်း လှည့်ပေးစေချင်ပါတယ်၊ ကျွန်တော့်ကားနဲ့ ဒီဆိုင်ကတစ်ယောက်လိုက်သွားပြီး အိမ်ကျတော့ပြန်ယူပေါ့၊ ပြောရတာလည်းအားနာပါတယ်'

ဆိုတော့ ဆိုင်ရှင်ကပျာပျာသလဲနဲ့-

www.foreverspace.com.mm



'ဟာ . . . အားနာစရာမလိုပါဘူး၊ ရပါတယ်၊ ကိုယ့်ဆိုင်မှာ အများကြီးအားပေးထားတဲ့လူပဲ၊ နောက်ပြီး အင်မတန်မွန်မြတ်တဲ့ အလှူကိစ္စအတွက်ပဲ၊ ဘယ်လောက်လိုလဲသာပြောပါ'

ဆိုင်ရှင်စကားကို ကျော်ကိုတစ်ချက်စဉ်းစားလိုက်ပြီး-

'အင်း. . . ရှစ်သောင်းလောက်ဆိုရင်ရပြီထင်ပါတယ်'

'ဟာ . . . ရှစ်သောင်းလုပ်မနေနဲ့၊ မှတ်ရလွယ်အောင် တစ်သိန်းသာယူသွား'

ဆိုင်ရှင်ရဲ့စေတနာ၊ ငွေတွေကိုလှမ်းယူရင်း-

'ကျေးဇူးပါပဲဗျာ'

ကျော်ကိုရဲ့ ကျေးဇူးစကား-

'ကဲ. . . ဒါဆိုလည်း ဒီကတစ်ယောက်ကိုကျွန်တော့်ကားနဲ့ အိမ်သာလွှတ်လိုက်တော့၊ သြော် ဒါနဲ့အချိုပွဲအတွက် ကိတ်မုန့်တွေ၊ ဘီစကစ်တွေကဘယ်မှာဝယ်ရမှာလဲ'

'ဒီဈေးလမ်းအတိုင်းဝင်သွားလိုက်ပါခင်ဗျာ၊ ဒီလမ်းအဆုံးမှာ နောက်ဟိုဘက်ဆက်ကွေ့လိုက်ရင် မုန့်ဆိုင်တန်းကိုတွေ့ပြီ'

'ကျေးဇူးပါပဲဗျာ။ ကဲ - မုန့်သွား ဝယ်လိုက်ဦးမယ်။ သြော်- ဆိုင်ကတစ်ယောက်ကို ကားဆီလွှတ်လိုက်ပါဦး'

ဆိုတော့ ဆိုင်ရှင်ကိုယ်တိုင်က-

'ရတယ် . . . ရတယ်၊ ကျွန်တော်ကိုယ်တိုင်လိုက်သွားပါ့မယ်'

ဆိုတာကို ကျော်ကိုက-

'သြော်. . . အင်း အဲဒါပိုကောင်းပါတယ်၊ တောင်ဥက္ကလာ (၁၃)ရပ်ကွက် အိမ်နံပါတ်(၄၃) ပါ၊ မှတ်ထားနော်'

ဆိုပြီး ဈေးပေါက်ဝနားထိ ဆိုင်ရှင်နဲ့အတူလျှောက်ကာ ငှားလာတဲ့ကားဆီကို-

'ဟော့. . . ဒီမှာ ငါတစ်ယောက်ထည့်ပေးလိုက်မယ်'

ဆိုတော့ ကားဆရာက ရိုကျိုးစွာပဲ-

'ဟုတ်ကဲ့ . . . စိတ်ချပါဆရာ'

www.foreverspace.com.mm



ဆိုပြီး ပြန်ပြောသည်။ ဒါကို ကျော်ကိုက-

'ကဲ. . အစ်ကိုရေ၊ ကားနဲ့ စိတ်ချလက်ချသာလိုက်သွားပေတော့'

ဆိုပြီး ကျော်ကိုကဝကြီးကိုလက်ကုတ်ကာ မုန့်ဆိုင်တန်းဘက် ခပ်သွက်သွက် လျှောက်သွားတယ်။ ခုနကဆိုင်ကွယ်တာနဲ့ ကျော်ကိုက ဘေးဘီဝေ့ကြည့်ပြီး မျက်ကလဲဆန်ပျာနဲ့-

'လာ. . . လာ ကိုဝကြီးပြေးရအောင်'

ဆိုကာ ရှေ့ကဦးဆောင်ပြီး စွတ်ခနဲပြေးသည်။ ဝကြီးလည်း မျက်ကလဲဆန်ပျာနဲ့-

'ဘာလဲ၊ ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ'

ဆိုပြီး ဘုမသိဘမသိနဲ့ပြေးလိုက်သွားသည်။

ကိုအောင်မင်းဈေးရောင်းတဲ့ သက်တမ်း (၁၀) နှစ်ရှိပြီ။ ဒီနေ့လောက် အရောင်းအဝယ်ကောင်းတဲ့နေ့မျိုး တစ်ခါမှ မကြုံဖူးသေး။

မနက်တည်းက တို့တိတို့တိနှင့် အရောင်းအဝယ်ဖြစ်နေရုံမက၊ ခုနကလို အလှူကြီးပေးမည့်သူနှင့်ကြုံတော့ သူ့ဆိုင်မှာပင် ပစ္စည်းအတော်များများ ရောင်းချလိုက်ရသည် မဟုတ်လား။ သူ့ဘာသာသူ တွေးရင်းပျော်နေသည်။

"အင်း ဆန်တစ်အိတ်ကိုနှစ်ထောင်လောက်တင်လိုက်မယ်၊ ဆီကတော့ ပုံးမှာတင်လျှော့နေပြီးသားဆိုတော့ တစ်ပုံးတစ်ထောင်လောက် ပိုရရင်တော်ပြီ၊ ကြက်သွန်ကလည်း"

သူ့ဘာသာသူ စားသုံးသူ (ဝယ်ယူသူ) ကိုရိုက်ရမည့်စာရင်းတွက်ရင်း ပျော်နေသည်။

ထိုနည်းတူစွာ ကားဆရာကိုမြင့်နိုင်မှာလည်း လေကလေးတချွန်ချွန်နှင့်. . .

"အင်း. . . ဒီနေ့တော့တွက်ခြေကိုက်ပဟ၊ တောင်ဥက္ကလာဆယ်ရပ်ကွက်ဈေးကနေ ညောင်ပင်လေးဈေး၊ ညောင်ပင်လေးဈေးကနေ ဆယ့်သုံးရပ်ကွက်ဆိုတော့ အသွားအပြန် သုံးထောင့်ငါးရာစီတောင်းမယ်၊ ဈေးမှာစောင့်ခက တစ်ထောင်ဆိုရင် ရှစ်ထောင်အသာလေးရပြီ၊ သူကကိုယ့်ဆီက ပိုက်ဆံချေးထားတာဆိုတော့ ဒီဈေး၊ ဒီဈေးစောဒကတက်တော့မှာမဟုတ် နောက်

www.foreverspace.com.mm



ဒီလူတွေက သိပ်ပြီးလက်ခက်မယ့်ပုံလည်းမပေါ် မြို့ထဲတစ်ကြောင်းဆွဲရုံနဲ့ ငွေတစ်သောင်းရနည်းလား၊ အိမ်တောင်ပြန်အိပ်နေလို့ရပြီပဲ”

သူလည်း သူ့အတွေးနှင့်သူ ပျော်နေ၏။ နောက်မှ . . .

“ရောက်ပြီ”

အနောက်မှခရီးသည်ပြောမှ ကိုမြင့်နိုင်အသိပြန်ဝင်သွားသည်။ ဟုတ်သား တောင်ဥက္ကလာဆယ့်သုံးရပ်ကွက်၊ အိမ်နံပါတ်လေးဆယ့်သုံးတောင် ရောက်မှကိုး။

သူကျင်လည်စွာ ကားကိုအိမ်ထဲကွေ့ဝင်လိုက်သည်။

“ဟင်”

အလှူအိမ်ဆိုသော်လည်း လူတစ်ယောက်မှမတွေ့ရ၍ နှစ်ယောက်လုံး အံ့အားသင့်သွား၏။ နောက်မှ၊ အေးလေ အခုမှဈေးဝယ်စဆိုတော့ လူက ဘယ်ရှိဦးမှာလဲ. . .

ဟုတွေးမိရင်း နှစ်ယောက်သား သံပြိုင်ဖြင့် အော်လိုက်ကြသည်။

“အိမ်ရှင်တို့ . . . အိမ်ရှင်တို့”

သူတို့အော်သံကြားတော့ အိမ်ထဲမှမိန်းမကြီးအံ့အားသင့်သော မျက်နှာမျိုးနှင့်ထွက်လာ၏။ သူတို့လည်း မိန်းမကြီးကိုမြင်တော့ အားတက်သွားပြီး. .

“ဒီမှာ အလှူပစ္စည်းတွေလာသယ်ပါဦး၊ ဘာကြောင်ကြည့်နေတာလဲ”

သူတို့ရဲ့ခပ်ငေါက်ငေါက်စကား။ မိန်းမကြီးက သူတို့စကားကြောင့် ကြောင်သွားပြီး . . .

“အလှူ . . . ဟုတ်လား၊ ဘာအလှူလဲ”

မိန်းမကြီးရဲ့ အူကြောင်ကြောင်စကား၊ ဒါကိုဈေးသည်ကိုအောင်မင်းက-

“ဘာ . . ဘာအလှူရမှာလဲဗျ၊ ခင်ဗျားတို့ပဲအလှူလုပ်ဖို့ဆိုပြီး ပစ္စည်းတွေမှာသွားပြီးတော့”

ဆိုတော့ မိန်းမကြီးလည်း မျက်လုံးပြူးသွားပြီး . . .

“ဟင် . . . ကျွန်မတို့ဘာမှမမှာပါဘူး၊ ဘာအလှူမှလည်းမလုပ်ပါဘူး”

“ဟင်”

“ဗျာ”

www.foreverspace.com.mm



မိန်းမကြီးစကားကြောင့် နှစ်ယောက်လုံးထံမှ အာမေဋိတ်သံကြားလိုက်ရ၏။ နောက်မှသတိရပြီး ဈေးသည်ကိုမြင့်နိုင်က ကားဆရာကိုအောင်မောင်းကို လက်ညှိုးထိုးပြီး . . .

"ဟင် . . ခင်ဗျားတို့ပဲ အလှူလုပ်မယ်ဆိုပြီး ဒီကားနဲ့လွှတ်လိုက်တာလေဗျာ"

ဆိုတော့ ကားဆရာမျက်လုံးပြူးသွားပြီး . . .

"ဟာ . . . ကျုပ်ကို အလှူအတွက် လွှတ်လိုက်တာမဟုတ်ပါဘူး၊ သူတို့က ကျုပ်ကားကိုငှားစီးလာတာ၊ ခင်ဗျားကိုသာ သူ့လူတစ်ယောက် ထည့်လိုက်မယ်ဆိုပြီး ဒီပစ္စည်းတွေနဲ့ ကျုပ်ဆီထည့်ပေးလိုက်တာလေ"

ကိုမြင့်နိုင်မျက်နှာရှုံ့မဲ့သွားပြီး . . .

"ဘယ့်နှယ်သူ့လူရမှာလဲဗျ၊ ကျုပ်က ညောင်ပင်လေးဈေးမှာ ဈေးရောင်းတဲ့ဆိုင်ရှင်ဗျ၊ ဆိုင်ရှင်၊ ခင်ဗျားကိုသာ သူ့ကားဆိုပြီး"

"ဘယ့်နှယ့် သူ့ကားရမှာလဲဗျ၊ ဒါကျုပ်ကား၊ သူ့လူတစ်ယောက်ထည့်ပေးမယ်ဆိုပြီး ကျုပ်ဆီကတောင် ငွေသုံးသောင်းချေးသွားသေးတာ"

"ဟင် . . ဒါဆို ကျုပ်ကိုအိမ်ရောက်ရင်ပြန်ပေးမယ်ဆိုပြီး ငွေတစ်သိန်း"

နှစ်ယောက်သားငြင်းခုံရင်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာကြက်သေ သေသွားကြ၏။ နောက် နှစ်ယောက်လုံးခန္ဓာကိုယ်များပျော့ကျသွားကာ . . .

"တောက်"

"တောက်"

နှစ်ယောက်လုံးဆီမှ ပြိုင်တူတောက်ခတ်သံကြား၍ တစ်ယောက်မျက်နှာတစ်ယောက် လန့်၍ကြည့်မိကြသေး၏။

× × ×

www.foreverspace.com.mm



ရန်ကုန်မြို့၏ အကျော်ကြားဆုံး၊ အဆင့်မြင့်ဆုံး ဟိုတယ်ပေါ်တွင် သပ်ရပ်တောက်ပြောင်သောအဝတ်အစားနှင့် ကျော်ကိုနှင့်ဝကြီးစားသောက်ခန်းတွင် ထိုင်နေ၏။

သူတို့၏ စားပွဲရှေ့တွင် တစ်ဝက်ကျိုးလုနီးနီး ဘလက်လေဘယ်လ်တစ်လုံး၊ စားသောက်ထားသော ပန်းကန်များ ဖရိုဖရဲနှင့် ပြန့်ကျဲနေသည်။

ဝကြီးက စားထားပြီးသောပန်းကန်များကို ဝေ့ကြည့်ရင်း ကုန်ကျစရိတ်ကိုတွက်ကြည့်နေပေမယ့် ကျော်ကိုကတော့ စီးကရက်တစ်လိပ်ကို လက်ကြားညှပ်၍ အင်္ဂလိပ်သတင်းစာတစ်စောင်ကို စိမ်ပြေနပြေထိုင်ဖတ်နေလေသည်။

ယခုလိုကြည့်တော့ ကျော်ကို့ပုံမှာ သူခိုး၊ လူလိမ်ရုပ်

www.foreverspace.com.mm



လုံးဝမထွက်ဘဲ တကယ့်ကို အထက်တန်းစား ပညာတတ်သူငယ်သဖွယ် ထင်ရ၏။

“ဘယ့်နှယ့်လဲ ကိုဝကြီး၊ စားလို့သောက်လို့ရော ကောင်းရဲ့လား’

ကျော်ကိုက ဖတ်လက်စသတင်းစာကို ခေါက်ရင်းမေး၏။ ဒါကို ဝကြီးက စားထားသော ပန်းကန်များကိုကြည့်ရင်း . . .

“စားလို့သောက်လို့တော့ ဝပါရဲ့ကွာ၊ ဒါပေမဲ့ သူများပိုက်ဆံနဲ့စားရတော့ နင်တင်တင်နေတာပဲ”

ဝကြီးစကားကို ကျော်ကိုက ခပ်ဟဟရယ်လိုက်ပြီး . . .

“ဘာမှနင်မနေပါနဲ့ကိုဝကြီးရာ၊ ဒါတွေဟာ စားထိုက်လို့စားရတာ လို့ပဲမှတ်ပါ”

“စားထိုက်ကံရှိလို့ စားရတာတော့ဟုတ်ပါရဲ့၊ ဒါပေမဲ့ သူတစ်ပါးကို လိမ်လည်ပြီးမှ စားရတာတော့ ဘယ်ကောင်းမှာလဲကွ”

ဝကြီးစကားကို ကျော်ကိုက ခပ်ကျဲကျဲရယ်ရင်း . . .

“ဟား ဟား၊ ဒီမှာကိုဝကြီးရဲ့ လောကမှာလိမ်ချင်တိုင်းလိမ်လို့ ရတာ မဟုတ်ဘူးဗျ၊ အလိမ်ခံရတဲ့သူတွေလည်းရှိဦးမှ၊ အဲ . . . အဲ အလိမ်ခံတဲ့ လူမှာလည်း လောဘကရှိဦးမှ ဖြစ်တာဗျ”

“လောဘ . . . ဟုတ်လား”

“မှန်ရဲ့ဗျာ၊ လောဘမရှိတဲ့သူတွေကိုဘယ်တော့မှ လိမ်လို့မရဘူး မှတ်ထား၊ လူတွေမှာ လောဘနည်းနည်းရှိသူကို နည်းနည်းလိမ်လို့ရမယ် လောဘများများရှိတဲ့သူကို များများလိမ်လို့ရမယ်၊ ဒါပါပဲ”

“ဒါပေမဲ့ . . . ငရဲကြီးတာပေါ့ကွာ”

ဝကြီးရဲ့စကားကို ကျော်ကိုပြုံးရင်း သောက်လက်စဆေးလိပ်ပြာကို ခြွေချလိုက်ကာ . . .

“ဘယ့်နှယ်ငရဲကြီးရမှာလဲကိုဝကြီးရဲ့၊ လူလိမ်ဆိုတာ လောဘရှိသူတွေကို လောဘသတ်ပေးတဲ့အတွက် ကုသိုလ်တောင်ရဦးမယ်၊ ဆိုပါတော့ဗျာ သူ တစ်ခါအလိမ်ခံခဲ့ရပြီဆို နောက်တစ်ကြိမ်လောဘနဲ့ သူမဆုံးဖြတ် ရဲတော့ဘူး၊ အဲဒီအတွက် အလိမ်ခံရဖူးတော့ လောဘ မတက်ရဲတော့ဘူး၊

www.foreverspace.com.mm



အလိမ်ခံပြီးတဲ့အတွက် လောဘနည်းသွားတာလေ လူတွေမှာ လောဘနည်းသွားရင် လိမ်တဲ့သူက ကုသိုလ်မရပေဘူးလား”

“ဩော်”

သူပြောတော့လည်း ဟုတ်သလိုလို။ လူတွေလောဘနည်းအောင်တွေ့ကရာလူ လိုက်လိမ်ပေးရမလိုလို။ ဩော် . . . ပညာတတ်သူခိုး၊ စာတတ်ပေတတ်လူလိမ်နဲ့ လာတွေ့နေရပါလား။

“ကဲ . . . ဒါတွေရှင်းပြနေလို့လည်း ဆုံးတော့မှာမဟုတ်ဘူး၊ စားထားတာတွေနဲ့ ဗိုက်လေးနေပြီ၊ လမ်းလေးဘာလေး ထွက်လျှောက်ရအောင်”

ကျော်ကို့စကားကြောင့် ဝကြီးမျက်လုံးပြူးသွားကာ . . .

“ဟင် . . . လမ်းလျှောက်ထွက်မယ်၊ ဟုတ်လား၊ ငါတို့ကို တွေ့ရင် လူတွေဖမ်းသွားမှာပေါ့ကွ၊ မင်းကလည်း”

ဝကြီးရဲ့ စိုးရိမ်တကြီးအသံ။ ဒါကို ကျော်ကိုက ခပ်ဟဟရယ်လိုက်ပြီး

“ဟား . . . ဟား ကိုဝကြီးနှယ်၊ ရန်ကုန်မြို့များ ကျဉ်းကျဉ်းလေးအောက်မေ့နေလို့လားကိုဝကြီးရဲ့၊ နောက်ပြီး သူတို့ကျွန်တော်တို့ကို တွေ့ခဲ့တာကလည်း မိနစ်ပိုင်းလေးပဲ၊ အခုလို တောက်တောက်ပြောင်ပြောင်ဝတ်ထားတော့ ပိုတောင်ဆိုးသေး၊ ဘယ်သူကမှတ်မိနိုင်တော့မှာလဲ၊ ကဲ လာပါဗျာ အညောင်းပြေအညာပြေပေါ့”

ဆိုတော့ ဝကြီးလည်းစိုးရိမ်မကင်းသောစိတ်များဖြင့် ထလိုက်သွားရလေသည်။

× × ×

www.foreverspace.com.mm



ကျော်ကိုက ရန်ကုန်မြို့ကြီးကို သူပိုင်မြို့ကြီး အလား အေးဆေးစွာ လက်ကလေးနောက်ပစ်လိုက်ပြီး လိုက်ကြည့်နေသည်။ ဝကြီးကတော့ စိုးရိမ်မကင်းမျက်နှာနဲ့ ဘေးဘီဝေ့ကြည့်ရင်းကပ်လျက်-

သူကသာစိုးရိမ်နေတာ။ ဖြတ်သွားဖြတ်လာလူများကတော့ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်ယှက်ခတ်နေကြတယ်။ ဝကြီးလည်း မမြင်ဖူးတာကြာပြီဖြစ်တဲ့ မြင်ကွင်းကိုကြည့်ရင်း ဘယ်အချိန်ဘယ်နေရာက သူ့ကို ကုပ်လာဆွဲမယ်ဆိုတာ မသင်္ကာဖြစ်ရင်းနဲ့ ပျော်သလိုလို ဝမ်းနည်းသလိုလို ဖြစ်နေသည်။

တစ်နေရာရောက်တော့ ကျော်ကို ရဲ့ ခြေလှမ်းတွေ ရပ်သွားသည်။ ပြီးတော့ ဝကြီးဘက်လှည့်ကာ . . .

"ကိုဝကြီး ထီထိုးဦးမလား"

www.foreverspace.com.mm



"ဘာရယ်"

ကျော်ကိုရဲ့မဆီမဆိုင်အမေးကြောင့် ဝကြီးကြောင်သွားသည်။ ဒါကို ကျော်ကိုက . . .

"ထီလေ . . . ထီထိုးဦးမလားလို့"

"ထီထိုးမယ်၊ ဘာလို့ထိုးမှာလဲ"

"အာ . . . ဘာလို့ထိုးရမှာလဲ ထီပေါက်အောင်ထိုးရမှာပေါ့၊ ထီပေါက်ရင်ပိုက်ဆံရမှာလေဗျာ"

ကျော်ကို၏စကားကို ဝကြီးကြောင်နေသေး၏။ နောက်မှ . . .

"အေးလေ ပေါက်လိုပေါက်ငြား ထိုးကြည့်တာပေါ့"

ဆိုတော့ ကျော်ကိုကဆက်ပြီး . .

"ပေါက်လိုပေါက်ငြားမဟုတ်ဘူး ပေါက်ကိုပေါက်မယ်၊ စိတ်ချ"

ကျော်ကိုရဲ့စကားကြောင့် ဝကြီးကြောင်သွားသည်။ ပြီးမှ မသင်္ကာသလိုနဲ့ ကျော်ကို့ကိုပြန်ကြည့်ပြီး-

"ပေါက်ကိုပေါက်ရမယ်ဟုတ်လား၊ ထီက ထိုးတိုင်းပေါက်ရောလား"

"တခြားသူတွေတော့မသိဘူး၊ ကျုပ်တို့အတွက်က ပေါက်မှာသေချာတယ်"

ကျော်ကို့စကားကြောင့် ဝကြီးကြောင်နေသည်။ အတော်ကြာမှ . . .

"မင်းဟာက ဟုတ်ရောဟုတ်လို့လား၊ မရိုးဘူးထင်တယ်နော်"

ဆိုတော့ ကျော်ကိုက သူ့လက်ကိုဆွဲပြီး . . .

"ရိုးတာမရိုးတာအသာထား၊ ဒီမှာကြည့် ကျွန်တော်မှာထားမယ်"

"ဘာလဲ"

"သူထီလက်မှတ်ပေးပြီး ကျုပ်တို့လိပ်စာ သူမှတ်လိမ့်မယ်"

"အင်း"

"အဲဒီအချိန်ကျရင် လိပ်စာမှတ်တဲ့စာအုပ်ပေါ်ကနာမည်နှစ်လုံး၊ သုံးလုံးနဲ့လိပ်စာနှစ်ခုသုံးခုရအောင်မှတ်ထား၊ ကြားလား၊ ဖုန်းနံပါတ်ပါတာတွေကို အဓိကထားမှတ်"

"မှတ်ပြီးရင်"

www.foreverspace.com.mm



ဝကြီးရဲ့အမေးကို ကျော်ကိုကအားရပါးရရယ်လိုက်ပြီး . . .

“မှတ်ပြီးရင်ထီပေါက်ပြီပေါ့ဗျ၊ ဟား ဟား ဟား ဟား”

ဝကြီးက ကျော်ကို့ကို ငေးကြည့်နေသည်။ ပြီးမှ မသင်္ကာသလိုနဲ့

“မင်းဟာက မရိုးသားဘူးနော်”

ဆိုတာကို ကျော်ကိုက ပြုံးပြီး-

“ရိုးပါတယ်ဗျာ . . . ရိုးရိုးလေးပါ၊ ကဲ လာ ထီဆိုင်မပိတ်ခင် သွားရအောင်”

ဆိုပြီး ဝကြီးလက်ကိုဆွဲ၍. . .

× × ×

www.foreverspace.com.mm



“အစားစားပဲရှင့်၊ နှစ်ထောင့်ငါးရာတန် အတွဲတွေ ရှိတယ်၊ ဒါက မင်္ဂလာစုံတွဲပါ၊ တစ်စောင်ချင်းယူရင်တော့”

ထီရောင်းသည့်ကောင်မလေးက စိတ်ရှည်လက်ရှည် ရှင်းပြနေခြင်းဖြစ်၏။ ဒါကိုကျော်ကိုက အားလုံးစုံ စေ့နေအောင်လိုက်ကြည့်ပြီး. .

“မင်္ဂလာစုံတွဲနှစ်စုံပေးပါ”

ကောင်မလေးက ကျော်ကိုပြောတဲ့အတိုင်း မင်္ဂလာစုံတွဲပေးဖို့ လုပ်ပြီးမှ . .

“ဘယ်နံပါတ်လိုချင်လဲဟင်”

ဆိုတော့ ကျော်ကိုကပဲကြားဖြတ်ပြီး. . .

“ဘယ်နံပါတ်ဖြစ်ဖြစ်ပါဗျာ၊ ကံကောင်းမှငွေရမှာပဲ၊

www.foreverspace.com.mm

ဒီနံပါတ်ကြောင့် ငွေရတာမှမဟုတ်တာ"

ဝကြီးကတော့ ကျော်ကို့ကို အံ့အားသင့်စွာ ငေးနေမိတယ်။

စိတ်ကြိုက် ထီလက်မှတ်ရမှ ကောင်မလေးက မှတ်တမ်းစာအုပ်ဆွဲယူပြီး. . .

"နာမည်နဲ့နေရပ်လိပ်စာပြောပါ"

ဆိုတော့ ကျော်ကိုက

"ကျော်ထွဋ်ခေါင်တင်ပါ၊ သူကမိုးမြင့်မောင်မောင်၊ နေရပ်လိပ်စာ. . ."

ကောင်မလေး သူပြောတဲ့အတိုင်းလိုက်မှတ်တယ်။ ဝကြီးကအံ့အားသင့်စွာ ငေးကြည့်နေတယ်။ အဲဒီအချိန်မှာပဲ ကျော်ကိုက ဝကြီးခါးကို တံတောင်နဲ့တွက်ပြီး စာရင်းစာအုပ်ကို မေးထိုးပြတယ်။ ဒီတော့မှ ဝကြီးလည်း သတိရသွားပြီး ထီထိုးသူစာရင်းမှတ်တမ်းမှာ ရေးထားတဲ့ နာမည်နှစ်ခုသုံးခုကို ကမန်းကတမ်း လိုက်မှတ်လိုက်တယ်။

ဒေါ်မေတင်. . . . ဓမ္မာရုံလမ်း အိမ်အမှတ် (၂၀)၊ ဖုန်းနံပါတ်. . . .

ဦးစိန်ဖေ. . အင်းဝလမ်း၊ အိမ် အမှတ် (၃၄)၊ ဖုန်းနံပါတ်. . .

မအေးဝင်း ရန်ကြီးအောင်ရပ်၊ အိမ် အမှတ် (၁၅)၊ ဖုန်းနံပါတ်. . .

အမည်၊ လမ်းနာမည်၊ ဖုန်းနံပါတ်သုံးလေးခုပဲ မှတ်မိအောင်မှတ်ပြီး ဘာသိဘာသာနေလိုက်တယ်။ ကျော်ကို ကလည်း သူ့လိုပဲစာအုပ်ပေါ်က နာမည်တွေ၊ ဖုန်းနံပါတ်တွေ ပြူးတူးပြဲတဲ လိုက်ကြည့်နေတယ်။အားလုံးပြီးသွားတော့မှ ကျော်ကိုက ခပ်ပြုံးပြုံးနဲ့ပြန်ထွက်လာပြီး-

"ဘယ့်နှယ့်လဲ ကိုဝကြီး နာမည်တွေ ဖုန်းနံပါတ်တွေမှတ်လို့ရရဲ့လား"

ဆိုတော့ ဝကြီးကခေါင်းကုတ်ပြီး

"နှစ်ခု သုံးခုတော့ရပါတယ်ကွ၊ နေပါဦး အဲဒါတွေမှတ်ပြီး ဘာလုပ်ဖို့လဲ"

"ဟားဟား . . အဲဒါတွေမှတ်ပြီးမှတော့ ထီပေါက်ပြီပေါ့ဗျ၊ ထီပေါက်ပြီပေါ့"

"ဟင်. . ဘယ်. . ဘယ်လိုထီပေါက်မှာလဲ၊ ထီကအခုမှထိုးထားတုန်း"

www.foreverspace.com.mm



ဝကြီးရဲ့ ကယောင်ကတမ်းအမေး၊ ဒါကို ကျော်ကိုက သူ့လက်ကိုဆွဲပြီး-

"ဘယ်လိုထိပေါက်မှာလဲဟုတ်လား၊ လာ . . . ကျုပ်လုပ်ပြမယ်"

လို့ပြောပြီး လမ်းတစ်ဖက်ရှိ တယ်လီဖုန်းဆိုင်သို့ ဆွဲခေါ်သွားတယ်။ ဖုန်းဆိုင်ရှေ့ရောက်တော့ ဝကြီးက-

'ဟင် . . . မင်းမှာ ဟမ်းဖုန်းရှိတယ် မဟုတ်လားလို့'

သူ့စကားမဆုံးခင်ကျော်ကိုက သူ့နားကပ်ပြီး လေသံနဲ့-

'ခင်ဗျားဘာမှမသိဘဲနဲ့ အော်ကြီးဟစ်ကျယ် မလုပ်ပါနဲ့၊ အဲဒီဖုန်းက အခွံချည်းပဲဗျ၊ ဘယ်မှဆက်လို့မရဘူး'

'ဟင်. . . ဩော်'

ဝကြီး ပထမတော့ ကြောင်သွားသေးတယ်။ နောက်မှ သဘောပေါက်သွားတယ်။

'ဒါနဲ့ . . . အဲဒီဖုန်းက မင်းဘယ်လိုရ'

သူ့စကားမဆုံးခင်မှာပဲ ကျော်ကိုက-

'ဘယ်လိုရလဲ နောက်မှရှင်းပြမယ်၊ ကဲ . . ခုနခင်ဗျားမှတ်ထားတဲ့ ဖုန်းနံပါတ်နဲ့လိပ်စာပြော'

ဆိုပြီး ဖုန်းဆက်ဖို့ ခုံအလွတ်တစ်လုံးမှာထိုင်လိုက်တယ်။

'၂၄ . . . နာမည်က . . . ဒေါ်မေတင် ဓမ္မာရုံလမ်း. . အိမ်နံပါတ်. . '

ဝကြီးပြောတဲ့ ဖုန်းနံပါတ်ကို ကျော်ကိုက ခပ်တည်တည်နဲ့ နှိပ်လိုက်တယ်။ သိပ်မကြာဘူး။ ဖုန်းဝင်သွားပုံရတယ်။

'ဒေါ်မေတင်လား ခင်ဗျာ'

'. . . . . .'

'ဓမ္မာရုံလမ်းကနော်'

'. . . . . . .'

'အိမ်နံပါတ်က (၂၀)၊ ဟုတ်တယ် မဟုတ်လား'

'. . . . . . .'

'အေးဗျာ . . . ကျွန်တော်ထီဆိုင်ကပါ၊ ဝမ်းသာစရာ သတင်းတစ်ခု ပေးမလို့ပါ'

www.foreverspaces.com.mm



'. . . . . . .'

'ဘာလဲဆိုတော့ ကျွန်တော်တို့ထီဆိုင်က မဟာကံထူးရှင်ရွေးပွဲမှာ အန်တီ့နာမည်ပါနေတယ်ဗျ'

'. . . . . . .'

'အဲဒါ အန်တီကံကောင်းပြီလို့သာမှတ်ပါ။ ကံထူးရှင်နံပါတ်က သုံးပါ၊ သိန်းသုံးရာဆုအပြင် ကျွန်တော်တို့ထီဆိုင်က ထပ်မံချီးမြှင့်မယ့် အပိုဆုငွေ သိန်းသုံးရာ ထပ်ပြီးချီးမြှင့်မှာဖြစ်ပါတယ်'

'. . . . . . .'

'ဟုတ်ကဲ့ . . . အန်တီ ဒီလထီမထိုးရသေးဘူးဆိုတာ သိပါတယ်'

'. . . . . . . .'

'ဟုတ်ကဲ့ . . . ဘယ်မှာမှ ထိုးစရာမလိုပါဘူးခင်ဗျ. . . ကျွန်တော်တို့ထီဆိုင်က လူကြီးမင်းများကိုယ်တိုင် ရွေးချယ်ထားတဲ့ နံပါတ်ကိုထိုးရမှာပါ၊ ခပ်ရှင်းရှင်းပြောရရင်တော့ သေချာပေါက် ပေါက်ဂဏန်းပေါ့ခင်ဗျ'

'. . . . . . . .'

'ပေါက်မှာသေချာတာပေါ့ အန်တီရယ်. . . ထီဆိုင်ကိုယ်တိုင်ကလုပ်တာပဲ၊ တခြားဂဏန်းတွေဆိုဘယ်ဖြစ်ပါ့မလဲ၊ ကျွန်တော်တို့ကိုယ်တိုင်ရွေးချယ်ထားတဲ့ဂဏန်းမှ ဖြစ်မှာပေါ့'

'. . . . . . . .'

'ဟုတ်ကဲ့ . . . စျေးနှုန်းက ဆယ်စောင်ကိုသုံးသိန်းပါခင်ဗျာ့'

'. . . . . . . .'

ကျော်ကိုရဲ့စကားကြောင့် ဝကြီးမျက်လုံးပြူးသွားတယ်။ တစ်စောင် နှစ်ရာလောက်ပေးရတာကို ဆယ်စောင်သုံးသိန်းတဲ့။ သူတားမလို့ ကြံနေတုန်းမှာပဲ ကျော်ကို့ဆီကထွက်လာတဲ့အသံကြီးက-

'မများပါဘူးဗျာ . . . ထီကသေချာပေါက် သိန်းသုံးရာဆုကြီး ရမယ့်ဟာပဲ၊ အေးလေသိန်းသုံးရာနဲ့ သုံးသိန်းမလဲချင်ရင်တော့လဲ'

'. . . . . . . .'

'အဲဒါကိုပြောတာ၊ အဲဒါကိုပြောတာ'

www.foreverspace.com.mm



ကျော်ကို့ရဲ့ အားတက်သရောစကားသံ။

'ဟ. . . ပေါက်မှာသေချာတာပေါ့၊ ကျွန်တော်တို့ထီဆိုင်က ရွေးချယ်တာပဲ၊ ဆုကြီးအတွက်က စိတ်သာချ၊ တော်ကြာ ထီပေါက်ပြီးမှ ကျွန်တော့်ကိုမေးနေပါဦးမယ်၊ ဟဲ. . . ဟဲ. . .'

'. . . . . . . . .'

'အလကားနောက်တာပါ၊ အန်တီရဲ့စေတနာကို နားလည်ပါတယ် အဲဒါဆိုအိုကေနော်၊ ကျွန်တော့်ဆိုင်က ရွေးချယ်ထားတဲ့နံပါတ်တွေ လာပို့လိုက်မယ်၊ ကောင်းပါပြီဗျာ . . . ဘိုင့်ဘိုင်'

ဆိုပြီး ဖုန်းကို ဂွပ်ခနဲပြန်ချလိုက်တယ်။ ပြီးတော့ဝကြီးဘက်လှည့်ကာ-

'ကဲ. . . ပြောပါဦး၊ နောက်ဖုန်းနံပါတ်နဲ့ လိပ်စာ'

ဆိုတော့ဝကြီးက-

'ဟော့ကောင် . . . မင်းဟာကဟုတ်ရဲ့လားကွ၊ ထီဆိုင်က တကယ်အာမခံပြီးပြောလိုက်လို့လား'

ဆိုတာကို ကျော်ကိုကမျက်မှောင်ကြုတ်ပြီး-

'ဘယ့်နှယ် ထီဆိုင်ကပြောရမှာတုံးဗျ၊ ကျုပ်ဘာသာ ကျုပ်ပြောတာ'

'ဟင်. . . ဒါဆို. . . မင်း. . . မင်း'

'မင်း. . . မင်း. . . ငါ. . . ငါ လုပ်မနေနဲ့၊ အချိန်မရှိဘူး၊ နောက်ထပ်နံပါတ်တစ်ခုပြော'

ဆိုတော့ ဝကြီးလည်းမတတ်သာတော့။ ယခုသူ့ဘဝလည်း ကျော်ကို့လက်ထဲမှာမဟုတ်လား။ ဒါကြောင့်-

'ဦးစိန်ဖေ၊ အမှတ် . . . . ဖုန်းနံပါတ်'

ဝကြီးပြောပြီးတာနဲ့ ကျော်ကိုက ခလုတ်နှိပ်ပြီးနေပြီ။

'ဟယ်လို. . ဦးစိန်ဖေလား'

'. . . . . . . .'

'ကျွန်တော် ထီဆိုင်ကမန်နေဂျာပါဗျာ၊ ဟို . . . ဦးစိန်ဖေကို သတင်းကောင်းတစ်ခု ပြောရဦးမယ်၊ ဒီမနက်ပဲ အထက်ကပုဂ္ဂိုလ်များက အိပ်မက်ပေးလို့ ထီနံပါတ်ကတော့ ရနေပါပြီဗျာ၊ အဲဒါဦးစိန်ဖေလက်ထဲ ရောက်ဖို့ပဲ

www.foreverspace.com.mm



လိုတယ်၊ သူပေးတဲ့ နံပါတ် ဦးစိန်ဖေဆိုတဲ့ အင်္ဂါသားထိုးရင် သိန်းသုံးရာ ဆုအသေအချာပေါက်မှာတဲ့၊ အားလုံးပေါင်းသုံးသိန်းကျမယ်၊ သေချာတာ ပေါ့ဗျာ ဘိုးတော်ကိုယ်တိုင်အိပ်မက်ပေးပြီး ထိုးခိုင်းတဲ့ဟာပဲ၊ ကဲ. . . အဲဒါဆို ကျွန်တော်ယူခဲ့လိုက်မယ်နော်၊ ကျေးဇူးပါ'

'ကဲ . . . . နောက်နံပါတ်တစ်ခုပြော'

'မအေးဝင်း. . . . အိမ်နံပါတ်. . . ဖုန်းနံပါတ်'

ကျော်ကိုက ဖုန်းနံပါတ်ထပ်နှိပ်ပြန်တယ်။ ပြီးတော့-

'မအေးဝင်းလား၊ ဩော်. . ဟုတ်ကဲ့ အရေးကြီးကိစ္စရှိလို့ မအေးဝင်း ကိုခေါ်ပေးပါ'

ဤသို့ဖြင့် နံပါတ်ကကိုးလုံး၊ လူကကိုးယောက်၊ ငွေကတစ်ယောက် သုံးသိန်းစီ။ သူတို့နှစ်ယောက် အလွယ်တကူနဲ့ နှစ်ဆယ့်ခုနစ်သိန်း ထီပေါက် သွားကြတယ်။

ဝကြီးစိတ်ထဲမှာတော့-

ဩော်. . . ဒီလိုကျတော့လည်း မြန်မာပြည်မှာ ငွေရှာရအလွယ်သား။

ဒါပေမဲ့ မနက်ဖြန်မနက် ထီလက်မှတ်လိုက်ပေးဖို့ကတော့ ရင်အ လေးသား။

× × ×

www.foreverspaces.com.mm



'ဒီလိုဗျ. . ကိုဝကြီးရဲ့၊ လိမ်တယ်ဆိုတာ နေရာတိုင်းမှာရှိတယ်၊ အဲ. . . လိမ်ပုံလိမ်ခြင်းပဲ ကွာလိမ့်မယ်၊ ဥပမာ သေချာပေါက်ထောင်ကျမယ့်အမှုကို ရှေ့နေကတရားခံကို သေချာပေါက်လွတ်ရမယ်လို့လည်း ပြောချင်ပြောမယ်၊ သေခါနီးလူနာကို ဆရာဝန်က မစိုးရိမ်ပါနဲ့ ပြန်ကောင်းသွားမှာပါလို့လည်း ပြောချင်ပြောမှာပဲ၊ ဘာပဲပြောပြော စေတနာနဲ့ပဲဖြစ်ဖြစ် တစ်ဖက်သူအားတက်စေဖို့ပဲဖြစ်ဖြစ် လိမ်ရတာပဲ'

အကောင်းစားကော်ဖီကို တစိမ့်စိမ့်အရသာခံ သောက်ရင်းပြောနေသော ကျော်ကို၏စကား။ ဒါကိုဝကြီးက-

'ဒါပေမဲ့ လိမ်တယ်ဆိုတာတော့ မကောင်းဘူးပေါ့'

ဝကြီးစကားကို ကျော်ကိုက ခပ်ဖွဖွ ပြုံးလိုက်ပြီး. . .

www.foreverspace.com.mm



'မကောင်းဘူးဆိုတာက ဒေါသသင့်လောက်တဲ့ လိမ်နည်းမျိုးဆို ဘယ်ကောင်းပါ့မလဲ'

'ဥပမာ. . ကိုယ်လိမ်လိုက်လို့ တစ်ဖက်သားဘဝပျက်သွားတာမျိုးတို့. . အသက်ဆုံးရှုံးသွားတာမျိုးတို့ပေါ့'

'အခုဟာက ဘာလဲ'

'အခုဟာကလည်း ကျွန်တော်သူတို့ကို ဘဝပျက်သည်အထိလိမ်လို့ရတာပေါ့၊ ဥပမာ ပါဂျဲရိုးကားကြီးစီးပြီး ဟန်းဖုန်းခါးချိတ်သွားရင် ငွေသိန်းသုံးဆယ်လောက်ထိရနိုင်တယ်၊ ဒါပေမဲ့ ကျွန်တော်မလုပ်ဘူး'

ကျော်ကိုက ကော်ဖီကိုစိမ့်နေအောင်သောက်ရင်း လူလိမ်တရားမြွက်ကြားနေသည်။ ဝကြီးကငေးလျက်-

'ကျွန်တော့်ရဲ့ဆိုလိုရင်းက လူတွေကိုဒီလိုလိမ်လို့ရပါတယ်ဆိုတာ ပြောချင်ရုံသက်သက်ပါပဲ'

'ဘယ်လိုပဲလိမ်လိမ် ဘုရားဟောအရရော၊ တရားဥပဒေအရရော'

ဝကြီး၏စောဒကစကားကို ကျော်ကိုကပြုံးရင်း ကော်ဖီခွက်ကို ဖြည်းညင်းစွာပြန်ချကာ-

'ဒီမယ်ကိုဝကြီး'

ဝကြီးက ကျော်ကို့ကိုငေးရင်း-

'လိမ်တယ်ဆိုတာ ဘုရားဟောတရားထဲမှာလည်း မုသာဝါဒဆိုတဲ့ ကံတစ်ပါးကျူးလွန်တဲ့အတွက် ငရဲကျမှာပဲလို့ပါခဲ့တယ်၊ ဒါထားဦး တရားဥပဒေအနေနဲ့ကလည်း ဘယ်တော့မှပြေးမလွတ်နိုင်ဘူးဆိုတာ မှတ်ထားပါ'

'အမ်'

ကျော်ကို၏စကားကြောင့် ဝကြီးကြောင်သွား၏။ ဒါကို ကျော်ကိုက မျက်လုံးကလေးမှေးစင်းပြီး-

'ဟုတ်တယ်ကိုဝကြီး တခြားနိုင်ငံတွေတော့မသိဘူး၊ မြန်မာနိုင်ငံမှာတော့ မကောင်းမှုဘာပဲလုပ်လုပ် ပေါ်တာပါပဲ'

'အဲ. . . အဲဒီတော့'

ဝကြီးရဲ့ ကြောက်လန့်တကြားအမေး။ ဒါကိုကျော်ကိုက ပြုံးရောင်လေး

www.foreverspace.com.mm



သမ်းပြီး ရှေ့ကကော်ဖီခွက်ကို ငွပ်ခနဲမော့သောက်ကာ-

'အလိမ်မပေါ်ခင် ဝအောင်စားထားကြတာပေါ့ဗျာ'

ဟုဆိုပြီး ကော်ဖီခွက်ကိုချ ခါးကိုမတ်ကာ-

'အို . . . ဒါတွေပြောနေလို့လဲ စိတ်ဆင်းရဲနေရုံရှိမှာပေါ့၊ လာဗျာ ကြုံတုန်းကြုံခိုက် ဘုရားလေးဘာလေးဝင်ဖူးကြရအောင်'

ဟုဆို၍ ကျော်ကိုက မတ်တတ်ထရပ်လိုက်သည်။ သူ့နောက်ကမှ ဝကြီးကတော့ ချွေးသီးထနေသောမျက်နှာ၊ တဆတ်ဆတ်တုန်နေသော ဒူးအစုံကို ကိုင်ရင်း. . .

× × ×

www.foreverspace.com.mm



ဘုရားပေါ် ရောက်သည်နှင့် ကျော်ကိုက-

'ကျွန်တော် ဒီမှာခဏနေခဲ့မယ်ဗျာ'

ဆို၍ ဝကြီးတစ်ယောက်တည်း ဘုရားပရိဝုဏ်ပေါ် တက်ခဲ့သည်။ ကိုယ်ပေါ်တွင်လည်း ကျော်ကိုဆင်ထားပေးသောအင်္ကျီအဖြူ ယောပုဆိုးတို့ဖြင့် ခန့်သန့်နေသည်။

ဘုရား၏ ချိုမြသောဆည်းလည်း သံများကြားတော့ ဝကြီးစိတ် ခေတ္တခဏအေးချမ်းသွား၏။ မျက်နှာတွင်လည်း ကြည်နူးသော၊ ငြိမ်းချမ်းသောစိတ်များ ချက်ချင်းဖြစ်ပေါ်လာ၏။

'သြော်. . ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ တန်ခိုးတော်ကြောင့်ပါလား'

ဝကြီးတွေးရင်း ပြုံးလိုက်မိသည်။ ကြည်ညိုသဒ္ဒါစွာဖြင့် ဘုရားကိုတစ်ပတ်လှည့်ပတ်လိုက်သည်။ နောက်

www.foreverspace.com.mm

မှ ခြေထောက်ညောင်းသလိုဖြစ်လာ၍ ခေတ္တနားနေရန် ဘုရားတန်ဆောင်းများကို ဝေ့ကြည့်လိုက်သည်။ တန်ဆောင်းတစ်လျှောက်တွင်လည်း လူတွေက ခပ်ကျဲကျဲသာ ပြည့်နှက်သယောင်ဖြစ်နေသည်။ သူဘယ်နေရာဝင်ရကောင်းနိုး စဉ်းစားနေစဉ်မှာပင်

'ဟင်'

သူ့ထံသို့ ကုပ်ချိကုပ်ချိနှင့်ပြေးလာသောတစ်ယောက်။ ကြည့်လိုက်တော့ ကျော်ကို။

ကျော်ကိုက ကုန်းကုန်းကုန်းကုန်းနှင့် ပြေးလာပြီး သူ့ထံရောက်သည်နှင့် သူ့ထံပါလာသော ပုတီးကြီးကြီးတစ်ကုံး ဆွဲပေးလိုက်သည်။

'ဟင်'

ကျော်ကို၏ မထင်မှတ်သောအပြုအမူကြောင့် ဝကြီးလည်းအံ့အားသင့်သွားပြီး-

'ဟင်. . . မင်း. . . မင်း. . . '

သူ့ရေရွတ်သံမဆုံးမီမှာပင်ကျော်ကိုက သူ့လက်ထဲသို့ပိုကြီးသော ပုတီးတစ်ကုံးကို ထိုးထည့်ပေးလိုက်ပြီး-

'ရှူး. . တိုးတိုး၊ ကဲ ကျုပ်ပြောတဲ့အတိုင်းသာ လျှောက်သွားတော့'

'ဟင်. . ဘယ်. . . ဘယ်လို'

'ဟိုးမှာ တောင်ဘက်မုခ်ဘေးက တန်ဆောင်းကိုသွား၊ ဣန္ဒြေရရ သွားပုတီးစိပ် သွား'

ဆိုတော့ ဝကြီးလည်းကြောင်သွားပြီး-

'ငါ. . . ငါက ဘာသွားလုပ်ရမှာလဲ'

ဆိုတာကို ကျော်ကိုက အသံခပ်တိုးတိုးနဲ့-

'သွားမယ့်သာသွားစမ်းပါဗျာ၊ ခင်ဗျားနောက်မှာ ကျုပ်ရှိပါတယ်'

ဆိုတော့ ဝကြီးလည်း ကျော်ကို့ကို လှည့်ကြည့်လိုက်ရာ-

'ဟင်'

သူ့နောက်မှာ မခို့တရို့အမူအရာနှင့် လက်အုပ်ချီ လိုက်ပါလာသော ကျော်ကို။

www.foreverspace.com.mm



'ဟင်. . . မင်း. . မင်းဘာလုပ်တာလဲ'

ဆိုတော့ ကျော်ကိုကအံကြိတ်သံဖြင့်-

'မေးမနေနဲ့၊ ကိုယ့်ဘာသာကိုယ် ရှေ့ကအေးဆေးသွား'

ဝကြီးလည်း ဆက်မမေးတော့။ အရှေ့ကသာ ပုတီးလေးကိုကိုင်ပြီး ရင်တထိတ်ထိတ်နှင့် လျှောက်သွားလိုက်သည်။ သူ့နောက်ကမှ သူ့ကို လက်အုပ်က လေးချီပြီး မခို့တရို့လိုက်လာသောကျော်ကို။

တန်ဆောင်းနားရောက်သည် နှင့် ကျော်ကိုတန်ဆောင်းထဲကြိုတင် ပြေးဝင်သွားပြီး ခပ်မြင့်မြင့်နေရာတစ်ခုကို ဖုတ်ဖက်ခါရှင်းလင်းပေးကာ-

'အဘဆရာ. . . ဒီနေရာကိုကြွပါခင်ဗျာ၊ ဒီဘက်ကိုကြွပါ'

ဟူ၍ လွန်စွာကျိုးနွံသောအမူအရာဖြင့် ဦးအောင်ဆီးကြိုလေသည်။ သူ့နံဘေးမှာလည်း အရွယ်တော်မိန်းမကြီးဆယ်ယောက်ကျော်ခန့်က ဝကြီးကို ငေးကြည့်နေကြသည်။ အားလုံးငေးကြည့်နေတော့ ဝကြီးလည်း ဘာမှန်းမသိဘဲ ရှိုးတိုးရှန့်တန့်ဖြစ်ကာ တန်ဆောင်းထဲမဝင်ရဲ ဖြစ်နေသည်။ ဒါကို ကျော်ကိုက ဝကြီးကို မျက်ရိပ်ပြပြီး-

'ကြွပါအဘ. . . ဒီက ဘုရားအစ်မတွေက အဘကို အနှောင့်အယှက်ပေးဖို့ မဟုတ်ပါဘူး၊ ကြို့တုန်းကြုံခိုက် ဂါရဝပြုဦးတိုက်ဖို့ပါပဲ'

ကျော်ကို့စကားကြောင့် ဝကြီးပို၍ဇဝေဇဝါဖြစ်နေ၏။ ခုနကပဲ တူတူတန်တန် 'ကိုဝကြီးခေါ်နေရာကနေ အခုမှမတူမတန်အဘ' ဟုခေါ်နေသဖြင့် ဘာလုပ်လို့လုပ်ရမှန်းမသိ ဖြစ်နေမိ၏။ ဒါကိုရိပ်မိသော ကျော်ကိုက-

'အဘက တောထဲတောင်ထဲဂန္ဓာရီလှည့်လည်နေတာ နှစ်ပေါင်းကြာပြီမို့ လောကီအရေး မဆွေးနွေးချင်တော့ဘူးလေ၊ ဒါပေမဲ့ တစ်ခါတလေ ကြုံတုန်းကူညီမှာပါ၊ ကြွပါအဘ'

ဟု ထပ်မံတောင်းဆိုလိုက်တော့ ဝကြီးလည်း မထူးတော့ဘူးဟု စိတ်ပိုင်းဖြတ်လိုက်ပြီး တန်ဆောင်းထဲမှ သူပြင်ပေးထားသောနေရာကို ခပ်တည်တည်နှင့် ဝင်ထိုင်လိုက်သည်။ သူဝင်ထိုင်လိုက်သည်နှင့် ကျော်ကိုက သူ့ကို ဦးစိုက်ကျသွားအောင် ကုန်းကန်တော့လိုက်လေသည်။ ဘေးနားက အဒေါ်ကြီးများကလည်း ကျော်ကိုနှင့်ဝကြီးတို့၏အပြုအမူကြောင့် ထိုင်ပဲကန်တော့ရမလား၊

www.foreverspace.com.mm



ထပဲ ထွက်သွားရတော့မလားမသိ ဖြစ်နေကြ၏။ ဒါကိုရိပ်မိသော ကျော်ကို က သူတို့ဘက်လှည့်ပြီး-

'အဘက ဘုရားပေါင်းကိုးဆူကို လှည့်ပြီးအဓိဋ္ဌာန်ဝင်နေတာလေ'

သူပြောတာဘာမှမဟုတ် ခုနကမှ အရက်ဆိုင်က ထလာကြတာ။

'အခုအဘက အဓိဋ္ဌာန်ပြီးလို့ လူတွေကူညီဖို့အချိန်ပေးတာ၊ အန်တီ တို့ အဘနဲ့တွေ့ရတာ ကံကောင်းပြီမှတ်၊ ကဲ သိလိုတာမေးကြပါ'

ဆိုတော့ မိန်းမကြီးများ ပျာပျာသလဲဖြစ်သွားကြသည်။ တစ်ယောက် မျက်နှာတစ်ယောက်ကြည့်သည်။ မေးသင့်မမေးသင့် စဉ်းစားနေပုံ။ ဝကြီးက လည်း သူထင်မှတ်ထားသောအခြေအနေမဟုတ်၍ ခေါင်းငုံ့ပြီးပုတီးစိပ်ချင် ယောင် ဆောင်နေရတော့၏။ အတန်ကြာမှ မိန်းမကြီးတစ်ယောက်က အရဲစွန့်၍ ရှေ့သို့တိုးကာ-

'ဒီလိုပါ အဘရယ်'

သူ့စကားစလိုက်သည်နှင့် ကျော်ကိုကကြားဖြတ်ကာ-

'အို. . . အို၊ အဘကို အခုတွေ့ အခုမေးလို့ဘယ်ရမှာလဲ၊ နောက်ပြီး အဘက ဒီနေ့ဝစီပိတ်ကျင့်နေတာလေ၊ အဲဒီတော့ နာမည်နဲ့ နေရပ်လိပ်စာ သာပေးထားကြ၊ မနက်ဖြန်ကျရင် အဘက ခင်ဗျားတို့ရဲ့ အခက်အခဲတွေ အားလုံးဖြေရှင်းပေးမယ်၊ အဘက နာမည်နဲ့ရုပ်ကိုကြည့်ပြီး ဒီနေ့အဓိဋ္ဌာန်ဝင် ထားပေးမယ်၊ မနက်ဖြန်ကျမှ ဟောစာတမ်းလာယူကြပေါ့'

ဆိုပြီး ကျော်ကိုက ဗေဒင်မေးတဲ့သူအားလုံးရဲ့ နာမည်နှင့်နေရပ်လိပ် စာများ ယူထားလိုက်ကြသည်။ အားလုံးနာမည်နဲ့နေရပ်လိပ်စာရမှ ကျော် ကိုက-

'ကဲ . . . မနက်ဖြန် ဒီကသာစောင့်နေကြပေတော့၊ မနက်ဖြန်ကျမှ အဘရဲ့ဟောစာတမ်းကို ဒီကပဲလာယူကြပေါ့'

ဟုဆို၍ ဝကြီးဘက်မခို့တရို့နှင့် လက်အုပ်ချီပြန်လှည့်ကာ-

'အဘရေ ခုနစ်ရက်သားသမီးများကို ကြုံတုန်းကြုံခိုက်ကယ်တင် စောင့်ရှောက်ပေးပါလို့ အဘတပည့်ကျွန်တော်က ဦးခိုက်ပန်ဆင် တောင်းပန်အပ်ပါသည်၊ အဘကြွလိုက ကြွလို့ရပါပြီ'

www.foreverspace.com.mm

ဆိုလိုက်မှ ဝကြီးလည်း အကျဉ်းအကြပ်မှ လွတ်မြောက်သူသဖွယ် ဝမ်းသာသွား၏။ သို့သော် ဆတ်ခနဲမထရဲ။ ဆရာဂုဏ်ပီသစေရန် ဖြည်းညင်းစွာထရပ်လိုက်သည်။ နောက်မှ ဖြည်းညင်းစွာ တန်ဆောင်းမှထွက်လိုက်သည်။ ကျော်ကိုက သူ့နောက်က လက်အုပ်ချီရင်း ကပ်လျက်ပါလာသည်။ ခုနမိန်းမကြီးများက သူတို့ကိုငေးလျက်။ ဝကြီးလည်း လူအများ သူ့ကို တအံ့တသြ ငေးကြည့်နေသည်ကတစ်ကြောင်း၊ ကျော်ကို သူ့နောက်က ရိုသေစွာလက်အုပ်ချီလိုက်လာသည်က တစ်ကြောင်းတို့ကြောင့် မာန်တက်ပြီးဖြည်းညင်းစွာ လျှောက်နေသည်။ တန်ဆောင်းတစ်ခုအကွယ်ရောက်မှ အနောက်မှ လိုက်လာသည့် ကျော်ကိုက ကမန်းကတမ်းဖြင့်-

'ဟေ့လူ. . မှင်ခံမနေနဲ့ ပြေး . . . ပြေး၊ ပြေးတော့လေ'

'ဟင်'

ကျော်ကို၏ အလောတကြီးစကားကြောင့် ဝကြီးကြောင်သွား၏။ ဒါကို ကျော်ကိုက-

'ဘာတွေညာတွေလုပ်မနေနဲ့ ပြေး ပြေး လွတ်အောင်သာပြေးပေတော့'

ဟုဆိုပြီး တွန်းလွှတ်လိုက်ရာ ဝကြီးလည်းဘာမှစဉ်းစားမနေတော့ဘဲ ခြေကုန်သုတ်လေတော့သည်။ သူ့စိတ်ထဲတွင် သူတို့ကိုဖမ်းမည့်ရဲကပဲ ရောက်လာတာလား။ သူတို့လိမ်ခဲ့ဖူးသူများကပဲ လိုက်လာတာလားဟုထင်ပြီး မှုန်နေအောင်ပြေးခဲ့လိုက်လေသည်။

× × ×

www.foreverspace.com.mm



ဝကြီးတည်းခိုခန်းပြန်ရောက်ပြီးချိန်ထိ ကျော်ကိုပြန်မရောက်သေး။ ဝကြီးမိမိအခန်းထဲဝင်ပြီး ခုတင်ပေါ်ခေတ္တလှဲကာ အမောဖြေနေလိုက်သေး၏။ နောက်မှသူ့အဖြစ်ကို သူပြန်တွေးမိသည်။ ထောင်ကလွတ်ပြီးသည်နှင့် ကုန်ခြောက်ဆိုင်တစ်ဆိုင် လိမ်ခဲ့ပြီးပြီ။ နောက် ထီထိုးသူများကို ဆက်လိမ်သည်။ ယခုတော့ ဘိုးတော် . . . တဲ့။

ဘိုးတော်ဘဝတွင် သူကဘာဆက်လုပ်ရမည်ကို လုံးဝမသိသေး။ ဟိုကောင့်ထံတွင် ဘာအကြံအစည်ရှိမှန်း သူမသိ။ လိမ်ပဲလိမ်ပြီးပြီလား။ ဒါမှမဟုတ် လိမ်ဖို့အစပျိုးတုန်းလား။ သူလုံးဝမသိသေး။

အမှန်တော့ ဘိုးတော်ဘဝနှင့်သူ့မှာ လုံးလုံးမပတ်သက်။ ဘုရားသာမှန်မှန်ရှိခိုးဖြစ်သော်လည်း တစ်ခါမှ ဘိုးတော်ဖြစ်ရန်အထိ မရည်ရွယ်ခဲ့ဖူး။ အခုတော့ မရည်ရွယ်

www.foreverspace.com.mm



တာဖြစ်နေခဲ့ရပြီ။ ဘာဆက်လုပ်လို့လုပ်ရမှန်းလည်း မသိ။ အမှန်တော့ ယခု လုပ်နေသောအလုပ်မှန်သမျှ သူလည်းဝါသနာမပါ။ ဘာမှလည်းမကျွမ်းကျင်။ ဘယ်ကနေဘယ်လိုဖြစ်သွားမှန်းလည်း သူမသိ။ ဦးဆောင်နေသူက ကျော်ကို။ ကျော်ကိုကြိုးဆွဲရာ သူလိုက်ကနေရခြင်းသာ။

ခုတင်ပေါ် လှိမ့်နေရင်း သူ့ဘဝကိုသူ ပြန်စဉ်းစားနေမိသည်။ နာရီလှမ်းကြည့်လိုက်တော့ ညနေစောင်းနေပြီ။ သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားရသည်။

ကျော်ကိုပေါ် မလာသေး။

ကျော်ကို သူ့ကိုပါလိမ်သွားပြီလား။ စဉ်းစားရင်းအိပ်ပျော်ရမည့်အစား မျက်လုံးပင် ပို၍ပြူးကျယ်သွားရသည်။ ဟိုကောင်လိမ်၍ ထွက်ပြေးသွားလျှင် သူသေပြီ။

သူ့မှာလည်း လုံလုံလောက်လောက် ပိုက်ဆံကမရှိ။ တည်းခိုခန်းခကလည်း မရှင်းရသေး။ ကျော်ကိုမလာလျှင် သူထွက်ပြေးရုံသာရှိတော့မည်။

လူလိမ်ဆိုတာကလည်း တစ်ယောက်နှင့်တစ်ယောက် ယုံရသည်မဟုတ်။ အချင်းချင်းမလိမ်ဟု မည်သူမှ အာမခံနိုင်သည်မှ မဟုတ်ဘဲ။ ကျော်ကို သူ့ကိုပါ တစ်ပတ်ရိုက်သွားလျှင် မည်သို့လုပ်ရမည်နည်း။ တွေးရင်း တွေးရင်း ဇောချွေးများပင် စိမ့်ထွက်လာ၏။

အခန်းထဲဝေ့ကြည့်လိုက်သည်။ သူပိုင်ဆိုင်တာဆို၍ ဘာမှမရှိ။ ယခု ဝတ်ဆင်ထားသော ဝတ်စုံအပြင် နောက်ထောင်ကထွက်လာစဉ်က ဝတ်ဆင်လာသော ဝတ်စုံတစ်စုံသာရှိသည်။ ရသမျှငွေအားလုံးကလည်း ကျော်ကိုက တစ်ဦးတည်းကိုင်ထားသည် မဟုတ်ပါလား။

သူ့တွင် ဆေးလိပ်ဖိုးကွမ်းယာဖိုးမှအပ ဘာမှမရှိ။ ကျော်ကိုပြန်မရောက်လာလျှင် သူ့ဘဝက သောင်ပြင်ပေါ် လွှတ်လိုက်သော ခွေးသူငယ်လိုဖြစ်ပြီ။ သွားစရာလည်း အိမ်မရှိ။ ပြေးစရာလည်း မြေမရှိ။

သူတွေးနေစဉ်မှာပင် အခန်းတံခါးက ဖျတ်ခနဲပွင့်လာ၏။

ကြည့်လိုက်တော့ ချွေးတလုံးလုံးနဲ့ကျော်ကို။

ကျော်ကို့ကိုတွေ့တော့ သူလည်းအားတက်သွားကာ . . .

'စောင့်လိုက်ရတာကွာ၊ ဘယ်တွေလျှောက်သွားနေတာလဲ'

www.foreverspace.com.mm



သူ့စကားကိုကျော်ကိုက နဖူးကချွေးများသုတ်ပြီး . . .

'ဘယ်သွားရမှာလဲဗျ၊ အလုပ်တွေလျှောက်လုပ်နေတာပေါ့၊ ဟင်း'

ကျော်ကို၏မကျေမနပ်စကား။ ဒါကိုဝကြီးက . . .

'ဘာ . . . ဘာအလုပ်တွေ လျှောက်လုပ်နေလို့လဲဟင်'

သူ့အမေးကို ကျော်ကိုက . . .

'မနက်ဖြန်လုပ်ရမယ့်အလုပ်လေဗျာ၊ ခင်ဗျားနဲ့ကျုပ် လုပ်ရမယ့် အလုပ်'

'ဟင် . . . မနက်ဖြန်၊ ဘာ ဘာ လုပ်ရဦးမှာလဲ'

'ခင်ဗျားကလည်း အူကြောင်ကြောင်လာလုပ်မနေနဲ့၊ ရော့ဒီမှာ အသေအချာဖတ်ထား'

ဟုဆို၍ ကျော်ကိုက ဝကြီးလက်ထဲ စာရွက်တစ်ရွက် ထိုးထည့်ပေး၏။ ဝကြီးဖတ်ကြည့်လိုက်တော့ . . .

'ဒေါ်အေးအေးမြင့်၊ အသက် (၅၄) နှစ်၊ ညောင်ပင်သာလမ်း၊ ယောကျ်ားကနိုင်ငံခြားမှာ၊ သားအကြီးက မြင့်သူ၊ မိန်းမက အိန္ဒြေ၊ မြင့်သူကဆေးစွဲ၍ ဒေါ်အေးမြင့်စိတ်ညစ်နေ၊ ထူးခြားချက်၊ အိမ်၏ ညာဘက်ထောင့်တွင် ပိတောက်ပင်တစ်ပင်ရှိ၊ ထိုပိတောက်ပင်တွင် သစ်ခေါင်းပေါက်တစ်ခုရှိ၊ တစ်အိမ်လုံး လိုက်ကာအစိမ်းရောင်တပ်ဆင်ထား'

သူပေးသောစာရွက်ကိုကြည့်ပြီး ဝကြီးအံ့အားသင့်ကာ . . .

'ဟင် . . . ဒါ ဒါတွေက ဘာလုပ်ဖို့လဲ'

ဝကြီး၏ အလောတကြီးအမေးကို ကျော်ကိုက သူ့ဘက်ရွှေ့လာပြီး

'ဒီမှာကိုဝကြီး'

ဝကြီးက ကျော်ကို့ကို ငေးကြည့်နေသည်။

'မနက်ဖြန်ကျရင် အဲဒီနာမည်စာရင်းပါတဲ့သူအားလုံး ခင်ဗျားကို ဗေဒင်လာမေးလိမ့်မယ်'

'အဲဒီတော့'

'အဲဒီတော့ . . ခင်ဗျားပေးထားတဲ့ စာရင်းတွေကြည့်ပြီး အကြားအမြင်ရသလို ဘာလိုလိုနဲ့လိမ့်ပေတော့'

'ဟင် . . . ဒီအကြောင်းအရာတွေက'

'အဲဒီ့စာရင်းတွေက သူတို့လိပ်စာပေးပြီးတာနဲ့ ကျုပ်သူတို့အိမ်တွေ လိုက်သွားပြီး မှတ်သားလာခဲ့တာ'

'အဲဒီတော့'

'အဲဒီတော့ . . ခင်ဗျားက အဲဒါတွေအလွတ်ကျက်ပြီးတော့ လှိမ့်ပေတော့၊ ခင်ဗျားကို အကြားအမြင်ရနေပြီလို့ မှတ်ကြလိမ့်မယ်၊ ဘာမှ မှားစရာအကြောင်း မရှိတော့ဘူးပေါ့ဗျာ၊ ခင်ဗျားပြောသမျှ တအံ့တသြကို နားထောင်နေကြရလိမ့်မယ်'

'ဟာ . . . ဒါ . . . ဒါဆို အကြားအမြင်ဆရာတွေဆိုတာ'

ဝကြီး၏ တအံ့တသြစကားကို ကျော်ကိုက ခပ်ဖွဖွပြုံးလိုက်ပြီး . . .

'အဲဒါပြောတာပေါ့ဗျာ၊ ခင်ဗျားတို့ဗေဒင်ဆရာ၊ အကြားအမြင် ဆရာတွေဆီသွားရင် ဒီနေ့မအားလို့ နောက်နေ့တွေလာဖို့ တိုကင်ပေးလိမ့်မယ်၊ နောက်နေ့မှာ ခင်ဗျားအကြောင်းကို သူစုံစမ်းထားပြီးဖြစ်မှ ခင်ဗျားကိုခေါ်ပြီး ဒိုးခနဲဒေါက်ခနဲပြောပြလိမ့်မယ်၊ ဒါပါပဲ၊ အမှန်တော့ လောကမှာ အကြားအမြင်ရတယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တဲ့ ကိစ္စပါပဲ၊ အဲ ဒါပေမဲ့ ဒီနည်းကိုဗေဒင်ဆရာတိုင်း၊ အကြားအမြင်ဆရာတိုင်း သုံးတယ်လို့တော့ မဆိုလိုပါဘူးနော်၊ ဒါပေမဲ့ ဒါဟာအမှန်တကယ်ကောင်းပြီး အမှန်ကန်ဆုံးပြောနိုင်တဲ့ နည်းပဲ၊ ကဲ ခင်ဗျားအဲဒါတွေကျက်ထားပေတော့၊ ကျုပ်လည်း လုပ်စရာရှိတာ ဆက်လုပ်လိုက်ဦးမယ်'

ဟုဆို၍ အခန်းပြင်ခပ်သွက်သွက်ထွက်သွားလေသည်။

ဝကြီးခမျာလည်း ကျော်ကိုပေးသွားသမျှ စာရင်းစာရွက်များကို မှတ်သားရင်း ရင်တထိတ်ထိတ်နှင့် ကျန်ခဲ့လေသည်။

× × ×

www.foreverspaces.com.mm



နောက်တစ်နေ့မနက်ရောက်တော့ ကျော်ကိုက ဝကြီး ဝတ်ရန် ဝတ်စုံအသစ်တစ်စုံကိုကိုင်ရင်း အသေအချာရပ်စောင့်နေလေသည်။ ဝကြီးထွက်လာတာမြင်မှ . . .

'ဘယ့်နှယ်လဲကိုဝကြီး၊ မနေ့ကကျက်ထားခိုင်းတာ ရပြီလား'

သူ့စကားကို ဝကြီးကလည်း

'ရပါတယ်ကွယ်၊ မင်းကလည်း ဒါလေးများ'

ဆိုတာကို ကျော်ကိုက

'ဒါလေးများတွေဘာတွေလုပ်မနေနဲ့ ကျုပ်ကိုရွတ်ပြ ပါဦး'

ဆိုတော့ဝကြီးကလည်း ကလေးငယ်များ စာအံသလို ရွတ်ပြရလေသည်။

'ဒေါ်အေးဝင်း . . အသက် (၄၅)နှစ် နေရပ်လိပ်စာ'

www.foreverspace.com.mm



'ဟိုး ဟိုး . . . ခင်ဗျားအဲဒ့ီလိုပြောလို့မရဘူးလေ၊ ဘိုးတော်ဆိုတာ ကလေးများစာအံသလို ပြောလို့မရဘူး၊ မှင်နဲ့မောင်းနဲ့ အကုန်သိအကုန် တတ်ပုံစံမျိုးပြောရမှာ'

'ဉပမာ. . . ဒေါ်အေးဝင်းမဟုတ်လား၊ အိမ်ထောင့်မှာထောင်ထားတဲ့ နတ်ဓားက ဇောက်ထိုးဖြစ်နေတယ်၊ ပြန်ပြင်လိုက်ပါ၊ အိမ်နောက်ဖေးမှာ ပစ်ထားတဲ့ နတ်အုန်းကို အိမ်ရှေ့ပြန်ရွှေ့ရမယ်၊ စသည်ဖြင့် ကိုယ်သိထား သမျှကို မှင်မောင်းကောင်းကောင်းနဲ့ ပြောရမှာပေါ့ဗျာ၊ အခု ခင်ဗျားက ကလေးစာအံသလိုပြောနေရင် ဘယ်သူအထင်ကြီးမှာလဲ၊ သဘောပေါက် လား'

'ပေါက် . . . ပေါက်ပါတယ်'

'ပေါက်တယ်ဆို အဲဒါကျင့်ထား'

ဟုဆို၍ ကျော်ကိုက သူ့ကိုလွန်စွာသစ်လွင်တောက်ပြောင်သောဝတ်စုံ ကို လဲလှယ်ဝတ်ဆင်စေသည်။ အားလုံးအဆင်သင့်ဖြစ်မှ . . .

'ကဲ . . . ဒီအချိန်လောက်ဆို သွားလို့ရပြီ၊ သွားကြစို့၊ ဟိုကစောင့် နေကြမှာ သေချာတယ်'

ဟုဆို၍ လှည့်ထွက်သွား၏။ သူ့နောက်ကမှဝကြီးက ရင်တထိတ်ထိတ် နှင့် . . .

× × ×

www.foreverspaces.com.mm



'ဘိုးတော်ကြွလာပြီဟေ့'

ဆိုတဲ့အသံကြားတာနဲ့ ဝကြီးခေါင်းနားပန်းကြီးသွားတယ်။ အားကိုးရလိုရငြား အနောက်ဘက်ဝေ့ကြည့်လိုက်တော့ ကျော်ကိုက လက်အုပ်ကလေးချီလျက်။

'ဟေ့လူ ဣန္ဒြေမပျက်နဲ့၊ ခပ်တည်တည်သွား၊ ဟိုရောက်ရင်လည်း ပီပြင်ပေ့စေ'

ဆိုတော့ ဝကြီးလည်းဘာမှမတတ်နိုင်တော့။ ဒီအချိန်ရောက်မှ ထွက်ပြေးလို့လည်း ဖြစ်မှမဖြစ်တော့တာ။ ဒါကြောင့် မကြောက်ချင်ယောင်ဆောင်ရင်းသာ ခပ်တည်တည်နဲ့ ရှေ့ဆက်သွားရတော့တယ်။

ဝကြီးလည်း တန်ဆောင်းထဲရောက်ခါနီးရော သူ့နောက်က ကျော်ကိုက သူ့ကိုကျော်တက်ကာ တန်ဆောင်းထဲပြေးဝင်ပြီးသွားကာ ဖုတ်ဖတ်ခါကာ သူ့နေဖို့နေရာပြင်

www.foreverspace.com.mm



ပေးတယ်။

သူလည်းတန်ဆောင်းထဲဝင်ရော ကျော်ကိုက . . .

'အဘ . . . ဒီနေရာကိုကြွပါ၊ ဒီနေရာကိုကြွပါ'

ဆိုပြီး သူစီစဉ်ထားသောနေရာကို ပြင်ပေးတယ်။ ဝကြီးလည်း ခပ်တည်တည်နဲ့ ဝင်ထိုင်လိုက်တယ်။ ဝကြီးအသေအချာထိုင်ပြီးမှ ကျော်ကိုက ရောက်နှင့်နေကြပြီးသော မိန်းမများဘက်လှည့်ကာ . . .

'ကဲ . . . အဘတော့ရောက်ပြီ၊ မေးလိုရာမေးလို့ရပါပြီ၊ ဒါပေမဲ့ မနေ့ကစာရင်းပေးထားတဲ့သူတွေပဲ ဦးစားပေးမယ်၊ မနေ့ကစာရင်းပေးထားတဲ့သူတွေ ရှေ့ကြွပါ'

ကျော်ကို့စကားဆုံးတာနဲ့ မိန်းမကြီးလေးငါးယောက် ရှေ့တိုးလာတယ်။ ဒါကိုဝကြီးကလည်း ခပ်တည်တည်နဲ့ . . .

'နာမည်ပြောပါ'

'ဒေါ်ဧကရီဖြိုးပါ'

နာမည်ကြားလိုက်တာနဲ့ ဝကြီးခေါင်းထဲ ကျော်ကိုပေးထားသော စာရင်းများ စီရီပေါ်လာတယ်။ ဒါ့ကြောင့် ခပ်တည်တည်နဲ့ . . .

'အပျိုကြီးပဲ'

'ဟယ် . . . မှန်လိုက်တာ'

သူ့စကားဆုံးတာနဲ့ မျက်လုံးပြူးပြူးအဒေါ်ကြီးဆီက အာမေဋိတ်သံထွက်လာတယ်။

'မိဘတွေနဲ့ တစ်နယ်စီနေနေရတာပဲ'

'ဟာ . . . မှန်ပြန်ပြီ'

'အဖေကဆရာဝန်နော်၊ ဘယ်ဆေးခန်းထိုင်တာလဲ'

'ဟယ် . . . အဟုတ်တော့၊ အဲလေ နယ် . . . . နယ်ဆေးခန်းမှာထိုင်တာပါ'

ဝကြီးလည်း ကျက်ထားသမျှပြောတာကို မှန်တယ်ချည်းထောက်ခံနေတော့ အားတက်လာတယ်။

'အခုဒေါ်ဧကရီဖြိုးက ကိုယ်ကြိုက်နေတဲ့ ကောင်လေးအကြောင်း

www.foreverspace.com.mm



လာမေးနေတာမဟုတ်လား'

ဆိုတော့ ဟိုအဒေါ်ကြီးလည်း အရှက်သည်းကာ ပါးစပ်ထဲသို့ လက်လေးချောင်းလုံးထိုးထည့်ပြီး . . .

'အို . . . ဘိုးတော်ကသိလျက်သားနဲ့ အဟိ'

အောင်မာ. . . အသက်နဲ့အရှက်က ဘယ်လိုမှလမိုင်းမကပ်။ ဒါပေမဲ့ ဝကြီးလည်းဂရုစိုက်မနေဘဲ-

'ကောင်လေးက နာမည်ကြီးထဲကပဲ၊ အနုပညာအလုပ်တွေလုပ်နေတယ်၊ ဒါပေမဲ့ အခုတလော အရက်သောက်များနေတယ်၊ အရက်ကို လျှော့သောက်ခိုင်းပါ၊ မိန်းမကိစ္စနဲ့ကလည်း သိပ်မယုံရဘူး၊ ဒါ့ကြောင့် ယတြာချေရမယ်'

ယတြာအသံကြားတာနဲ့ ဧကရီဖြိုးဆိုသောအဒေါ်ကြီးမျက်လုံး အရောင်လက်သွားပြီး . . .

'ယတြာ . . ယတြာဘယ်လိုချေရမှာလဲ၊ သူနဲ့ညားရင်တော်ပြီ၊ ဘယ်လိုချေရမလဲသာပြော၊ ချေပစ်မယ်၊ အပြတ်အသတ်ကိုချေပစ်မယ်'

လို့ဆိုကာ သူ့ကိုယ်လုံး၊ လုံးလုံးဝဝကြီးကို အားရပါးရ လှုပ်ခါပြနေတယ်။ တကယ့်အားရပါးရမှ အားရပါးရကြီး။ ဝကြီးလည်းယတြာလို့သာ ပြောရတာ သူ့ခေါင်းထဲမှာ ယတြာဘယ်လိုချေလို့ချေခိုင်းရမှန်းမသိ ဖြစ်နေတယ်။

'ပြောလေ . . . ဘယ်လိုချေရမှာလဲလို့၊ မြန်မြန်ပြော၊ နောက်ကျသွားရင် ဟိုမောင်လေးကနေ ဒီဘိုးတော်ဘက်လှည့်လာမှာနော်၊ ဟင်း'

ဆိုတော့ ဝကြီးလည်း မျက်လုံးပြူးသွားပြီး . . .

'အဲ . . အဲလိုတော့မလုပ်ပါနဲ့၊ ယတြာက'

ဆိုပြီးခေတ္တစဉ်းစားကာ ပါးစပ်ထဲရှိတာ ပြောချလိုက်တယ်။

'ယတြာက . . တနင်္ဂနွေနေ့ နေ့လယ်ဆယ့်နှစ်နာရီတိတိမှာ အိမ်ရှေ့တည့်တည့်မီးဖိုပြီး မီးညွန့်ခါးလယ်လောက်ရှိတဲ့အချိန် လွှားခနဲ လွှားခနဲ ခုနစ်ကြိမ်ခုန်ကျော်ရမယ်'

'ဟင် . . . ခုန်ကျော်ရမယ်'

www.foreverspace.com.mm



ဝကြီးစကားကြားတာနဲ့ ဒေါ်ဧကေရီဖြိုးဆိုသူကြီး မျက်လုံးပြူးသွားတယ်။ နောက်မှသတိရသွားသလိုနဲ့ . . .

'ဟင် . . . နေ့လယ်ဆယ့်နှစ်နာရီမှာ အိမ်ရှေ့မှာမီးပုံကြီးပုံပြီး မီးညွန့် ခါးလယ်လောက်ရှိမှ လွှားခနဲ လွှားခနဲ ခုန်ကျော်ရမယ်ဟုတ်လား'

'ဟုတ်တယ်၊ ပါးစပ်ကလည်း၊ တို့ကိုကိုများ ငါ့ယောက်ျားလို့ သုံးကြိမ် သုံးခါ အသံနက်ကြီးနဲ့အော်ရမှာ၊ ဒါမှ ခန္ဓာကိုယ်ထဲက အပူတွေ မီးပုံထဲကျ ကျန်ခဲ့မှာလေ'

သူ့စကားမှားသွားပြီ ထင်မှတ်ရသော်လည်း ပြောပြီးလက်စမို့ မထူး ဇာတ် ဆက်ခင်းလိုက်တယ်။ ကျော်ကို့ကိုကြည့်တော့လည်း မျက်စိမျက်နှာ ပျက်လျက်။

ဟုတ်တယ်လေ။ သူ့နည်းစနစ်က ဘာအပူမှ မီးပုံထဲကျဖို့မရှိ။ ထဘီ မီးလောင်ပြီး ဖင်ပြောင်ဖို့သာရှိတာကိုး။ ဒါပေမဲ့ သူတို့ထင်ထားသလိုမဟုတ် ဘဲ . . .

'အိုး . . . ကိုယ်လိုချင်တဲ့ယောက်ျားရဖို့ပဲ၊ လုပ်မှာ၊ လုပ်ဦးမှာ၊ မီးညွန့် ဟပ်လို့ ထဘီလောင်လောင် ဧကရီတို့ကပြောင်ပြောင်ပဲ'

ဆိုပြီး ဝကြီးကိုဦးချကာ . . .

'မှန်လိုက်တဲ့ဘိုးတော်၊ ဒီမှာ ဘိုးတော်အတွက်အလှူငွေပါ'

ဟုဆိုကာ ငါးရာတန်တစ်ထပ်ကြီးဆွဲထုတ်၊ ဝကြီးရှေ့ချပြီးမှ . . .

'အဘ. . . ကြံ့တုန်းကြံ့ခိုက် တပည့်မဦးချတာပါ၊ ဒီနေ့ကလည်း တနင်္ဂနွေနေ့မို့ အိမ်ရှေ့မီးပြန်ဖိုလိုက်ပါဦးမယ်၊ တို့ကိုကိုများ ငါ့ယောက်ျား ဟေ့'

လို့ သုံးကြိမ်သုံးခါ သံကုန်ခြစ်အော်ဟစ်ကာ သုတ်ခြေတင်သွားရှာတော့ တယ်။ အဲဒီတော့မှဝကြီးလည်းသူ့ရှေ့ကငါးရာတန်အထုပ်ကိုကြည့်ကာ သက်ပြင်းချနိုင်တော့တယ်။ အဲဒီ့အချိန်မှာ ကြားလိုက်ရတဲ့ ကျော်ကို့အသံက

'နောက်တစ်ယောက်'

အဒေါ်ကြီးတစ်ယောက် ကမန်းကတန်းရှေ့တိုးလာတယ်။

'နာမည်က'

www.foreverspace.com.mm



'မသန်းဆွေ'

'ပေါင်မှာပွေးကွက်ကြီးထလို့ စိတ်ပျက်နေတာမဟုတ်လား၊ အိမ်တွင်းမှာတပ်ထားတဲ့ လိုက်ကာအပြာတွေကို အမည်းရောင်ပြောင်းတပ်လိုက်ပါ၊ ဘာလို့လဲဆိုတော့ မိုးကောင်းကင်အပြာရောင်က မြေမှာခပြီး ပေါင်ခြံပြန်ဝင်တိုးလို့ ပွေးဝင်ပေါက်တာ၊ ဒါ့ကြောင့် . . . .'

နောက်ပိုင်းကျတော့လည်း ပြောကောင်းကောင်းနဲ့ပြောလိုက်တာ။ ဖုံးကွယ်ထားတဲ့ အစက်အပြောက်တောင် ဒီဘိုးတော်သိတယ်ဆိုပြီး နာမည်ကိုကြီးကရောပဲ။သိမှာပေါ့။ ဟိုကောင်ကျော်ကို မနေ့က အိမ်လိပ်စာရပြီးကတည်းက လိုက်စုံစမ်းထားတာကိုး။ ဘာပြောပြော ဒက်ထိမှန်နေတာလေ။

× × ×

www.foreverspace.com.mm



နောက်နေ့တွေမှာ ဝကြီးရှေ့ လူပိုများလာတယ်။ အားလုံးရဲ့ယုံကြည်မှုကလည်း ဝကြီးဆီမှာရှိနေတဲ့အတွက် အနေအစားကလည်း ပိုချောင်လာတယ်။ ပိုက်ဆံဆိုတာကလည်း ကြဲချလိုက်တဲ့အတိုင်းကို ရနေတယ်။ လူတွေကလည်း ဝကြီးဘာပဲပြောလိုက်၊ ပြောလိုက်၊ လိုက်လုပ်ဖို့ အဆင်သင့်။ ဝကြီးကိုလည်း အကြားအမြင်ရတဲ့ဘိုးတော်အဖြစ် လူသိများလာတယ်။ တချို့မယုံတဲ့ လူတွေလည်း လာကြတယ်။ ဒါပေမဲ့ နာမည်ပေး၊ လိပ်စာပေးထား။ နောက်နေ့ကျရင် မွေးတဲ့ဆေးရုံကစပြီး ရောက်ခဲ့ဖူးတဲ့ အချုပ်ခန်းထိ တန်းခနဲပြောပြမယ်။

လူတွေကလည်း တယ်ခက်တာကိုး။ ယုံကြည်ပြီဆိုရင်ဖြင့် ဘာကိုမှမစုံစမ်းကြတော့ဘူး။ စွတ်ဆက်ကို လက်ခံကြတော့တာ။ ဒါ့ကြောင့် နောက်ပိုင်းမှာဝကြီးတို့က

www.foreverspace.com.mm



လည်းနပ်လာတယ်။ တချို့တလေ စုံစမ်းဖို့ အချိန်မရတဲ့သူတွေကို လက်တမ်းကို ပြောတော့တာ။ စိတ်ထဲထင်ရာမြင်ရာ ရေးချတော့တာ။

လူတွေကို လိမ်ရတာလည်း လွယ်ပါတယ်။ ဥပမာ - ဗေဒင်လာမေးသူက ကိုယ့်ကိုမေးခွန်းမေးဖို့ လာတာပဲ။ ဒါပေမဲ့ ကိုယ်က မေးခွန်းတစ်ခုကို အရင်စမေးလိုက်တယ်။

'မနက်က လက်ဖက်ရည်ဆိုင်မှာ ဘယ်သူနဲ့တွေ့ခဲ့လဲ'

'တင်မောင်လွင်နဲ့ပါ'

'အဲဒါဆို သူနဲ့မပေါင်းနဲ့ တင်မောင်လွင်က ခင်ဗျားကိုဒုက္ခပေးလိမ့်မယ်'

စသည်ဖြင့် သူပြောတဲ့အပေါ်မှာ ကိုယ်ကပြန်နင်းတာမျိုးပေါ့။ ဟုတ်သည်ရှိ မဟုတ်သည်ရှိပဲ။ မဟုတ်လို့ခံရတော့ ဗေဒင်ဆရာခံရတာမှ မဟုတ်တာ။ နောက်ပြီးဒါမျိုးဟာ ဗေဒင်ဆရာများအတွက်တော့ ဘယ်တော့မှမှားရိုးထုံးစံမရှိဘူး။ ယတြာဆိုတာကလည်း ဘာမှသိနေစရာမလိုဘူး။

တနင်္ဂနွေသားဆိုရင် အုန်းသီးသုံးလုံးကို ကိုယ်တိုင်ခွဲပြီး အရပ်ဝေရမယ်ဆိုလည်း လုပ်တာပဲ။တနင်္လာသားဆိုရင် ကမ္ဗလာသီးခုနစ်လုံးကို အရည်ညှစ်၊ သုံးခွက်တစ်ခွက်တင်ကျိုပြီး ပူနေတဲ့အချိန် ခေါင်းပေါ်ကလောင်းချဆိုလည်း လောင်းချတာပဲ။

အောင်မာ . . ကိုယ်ပေါက်ကရပေးတဲ့ယတြာနဲ့ သူတို့ဘာသာသူတို့အလုပ်လုပ်ရင်းနှင့် တည့်သွားရင်တောင် . . .

'အဘပေးတဲ့ယတြာကြောင့် သားတို့သမီးတို့အလုပ်ဖြစ်သွားတာ'

ဆိုပြီး ပြုံးပြုံးပြက်ပြက်လာကန်တော့ကြသေးသဗျ။

လူတွေအဲသည်လို ကုန်းကုန်းကြီးလာကန်တော့နေတော့ ဝကြီးခမျာလည်း ကိုယ်တိုင်ပဲအကြားအမြင်ရနေသလို ဘာလိုလိုနဲ့ ဘဝင်တောင်မြင့်ချင်သေးတယ်။ စားပေါက်ကလည်း ချောင်နေတာကိုး။

ဝကြီးရှိတဲ့ တန်ဆောင်းဆိုရင် လူတွေကို ပြည့်ကျပ်နေတဲ့အထိ ဖြစ်လာတယ်။ ဒါ့ကြောင့် ဝကြီးလည်း ဒီအလုပ်ပေါ်မှာပဲ ခြေစုံရပ်လိုက်ဖို့ ဆုံးဖြတ်လိုက်ပြီး ကျော်ကိုနဲ့တိုင်ပင်လိုက်တယ်။

www.foreverspace.com.mm



'ဒီမယ်ကျော်ကို တို့တွေလည်း ဒီအလုပ်နဲ့က အတော်လေး အဆင်ပြေနေပြီ၊ ဘာပဲဖြစ်ဖြစ် လိမ်တော့လိမ်တာပေါ့၊ ဒါပေမဲ့ လူယုံကြည်မှုလည်းရှိ၊ လေးစားခြင်းလည်းခံရတယ်၊ နောက်တစ်ဖက်က ပြန်တွက်ရင်လည်း ငွေက ကြဲချတဲ့အတိုင်းကို ရနေရတာပဲ၊ ဒါကြောင့်တို့ သိက္ခာရှိရှိနဲ့ လိမ်နိုင်တဲ့ ဒီဘိုးတော်အလုပ်ပဲ ဆက်လုပ်သွားကြရင် ကောင်းမယ်ထင်တယ်'

ဝကြီးစကားကို ကျော်ကို ခေါင်းကိုဖြည်းညင်းစွာခါလိုက်ပြီး . . .

'ကျွန်တော်လည်း ခင်ဗျားကို အဲဒါပဲပြောမလို့ပဲ'

ဝကြီးက ကျော်ကို့ကိုငေးကြည့်နေတယ်။ ကျော်ကိုကဆက်ပြီး . . .

'ကျွန်တော်တို့ ဒီအလုပ်ဆက်လုပ်နေတာတော့ မှန်ပါတယ်၊ ငွေရလွယ်တာလည်းမှန်တယ်၊ ဒါပေမဲ့ ကျွန်တော်တို့ အောင်မြင်လာလေ စောင့်ကြည့်တဲ့သူများလာလေ ဖြစ်လာပြီ၊ တချို့လူတွေဆို ဘာရယ်မဟုတ်ဘဲ နေ့စဉ်လာစုံစမ်းနေကြပြီ၊ ခင်ဗျားမသိလို့သာပဲ အစိုးရဘက်ကလူတွေတောင် လူကြားထဲ ကျုပ်တွေ့တွေ့နေရတယ်၊ သူတို့ ကျွန်တော်တို့ကို မသင်္ကာဖြစ်နေကြပြီ'

'ဟင် . . ဒါ . . ဒါဆို'

ကျော်ကို သက်ပြင်းချတယ်။

'ခင်ဗျားကို ကျွန်တော်ပြောဖူးသားပဲလေ၊ ဒီမှာမဟုတ်တာ လုပ်ရင်တစ်ချိန်မှာပေါ်မှာပဲဆိုတာလေ'

ဝကြီး ကျော်ကို့ကို ပါးစပ်အဟောင်းသားနဲ့ကြည့်နေတယ်။ ပြီးမှ

'အဲဒီတော့'

'ကျွန်တော်တို့ အဖမ်းမခံရခင် အလုပ်ပြောင်းရုံပဲ ရှိတော့တာပေါ့'

'ဟင်'

ကျော်ကိုရဲ့စကားကြောင့် ဝကြီးဝမ်းနည်းသွားတယ်။

'ဟုတ်တယ် . . . ကျွန်တော်တို့ တခြားအလုပ်ပြောင်းလုပ်တာ အသက်သာဆုံးဖြစ်လိမ့်မယ်'

ဝကြီး သက်ပြင်းချလိုက်တယ်။ သူ့ခမျာဒီအလုပ်ကိုလည်း လက်မ

www.foreverspace.com.mm



လွှတ်ချင်၊ လက်မလွှတ်လို့ကလည်း မဖြစ်ဖြစ်နေတာကိုး။

'အေးလေ . . . လုပ်လို့မဖြစ်တော့ဘူးဆိုလည်း မလုပ်ရုံပေါ့၊ ဒါပေမဲ့ နှမြောစရာ'

'နှမြောမနေနဲ့ကိုဝကြီးရေ၊ အဓိက ကိုယ်လွတ်လပ်နေဖို့အရေးကြီးတယ်၊ ကိုယ့်မှာလည်း ထိုက်သင့်သလောက် ငွေကြေးရနေပြီပဲ'

'အေး . . . ငါလည်း အဲဒါစဉ်းစားနေတာ၊ အလကားရတဲ့ငွေတွေနဲ့ ငါတို့တိုက်ခန်းလေးတစ်ခန်းလောက် ဝယ်ထားရင် ကောင်းမလားလို့'

သူ့စကားကို ကျော်ကိုက ခဏစဉ်းစားလိုက်ပြီး . . .

'အေးလေ . . . ခင်ဗျားဝယ်ချင်လည်းဝယ်လိုက်ပေါ့၊ ဒါပေမဲ့တိုက်ခန်းအဟောင်းနဲ့စာရင် မြို့ထဲကဆောက်လက်စတိုက်ခန်းတွေဝယ်ရင်ပိုကောင်းမယ်ထင်တယ်'

'ဒါကတော့ မင်းသဘောပါကွာ၊ ငါကတော့ ဘယ်လိုပဲဖြစ်ဖြစ် ရထားတဲ့ပိုက်ဆံတွေ အဆုံးရှုံးမခံရရင် ပြီးတာပါပဲ'

ဆိုတော့ ကျော်ကိုက . . .

'ကဲ. . ဒါဆိုလည်း ကျုပ်တို့တိုက်ခန်းတွေ လိုက်ကြည့်လိုက်ကြရအောင်'

ဆိုပြီးသူတို့နှစ်ယောက် . . .

× × ×

www.foreverspace.com.mm



'ဟား. . . တိုက်ခန်းကအကျယ်ကြီးဟေ့၊ ဆောက် လက်စဆိုတော့ ဈေးကလည်းတန်သား'

'မြေညီထပ်ရသွားတာ ပိုကံကောင်းတာပေါ့ဗျာ၊ ဟုတ်ဘူးလား'

'ဟုတ်ပ. . . ဟုတ်ပကွာ၊ အရင်နေခဲ့တဲ့ငါ့အိမ် ထက်တောင် ဟင်း'

ဝကြီးစကားကိုဆုံးအောင်ပင် ဆက်မပြောနိုင်တော့။ အရင် သူကိုယ်တိုင်ဝယ်ခဲ့သော အိမ်ကလေးကိုသတိရပြီး လွမ်းသွားရသေး၏။ ဒါကို ကျော်ကိုကရိပ်မိပြီး . . .

'ဖြစ်ပြီးတာတွေကို လွမ်းမနေပါနဲ့ဗျာ၊ ကဲ ခင်ဗျား ဒီတိုက်ခန်းကြိုက်တယ်မဟုတ်လား'

'သြော်. . . ဝယ်တောင်ဝယ်ပြီးနေမှ မကြိုက်လို့ဖြစ် မလား'

ဝကြီးစကားကို ကျော်ကိုကပြုံးလိုက်သည်။ နောက်မှ . . .

'ကဲ. . ဒါဆိုလည်း ခင်ဗျားဒီမှာတစ်ရက်နားနေနှင့်ဗျာ၊ ကျုပ်လည်း လုပ်စရာရှိတာတွေဆက်လုပ်လိုက်ဦးမယ်'

'ဟင် . . . တစ်ရက်'

ဝကြီး၏ အာမေဋိတ်သံ။ စောဒကတက်ရန် စကားရှာနေတုန်းမှာပင် ကျော်ကို လှစ်ခနဲပျောက်သွား၏။

ဝကြီးကတော့ လောလောလတ်လတ် သူတို့ဝယ်ထားသော တိုက်ခန်းကျယ်ကြီးကို လှည့်ပတ်ကြည့်ရှုရင်း ကျန်ခဲ့လေသည်။

× × ×



www.foreverspace.com.mm

www.foreverspace.com.mm

နောက်တစ်နေ့နံနက်၊ အိမ်နံရံကိုတဒိုင်းဒိုင်းနှင့် ထုနှက်သံကြား၍ ဝကြီးလန့်နိုးလာလေသည်။ နံဘေးမှာ ကြည့်တော့လည်း ကျော်ကို့ကို မတွေ့ရ။ ထုနှက်သံက ကြားနေရဆဲ . . .

ဝကြီးလည်း ကမန်းကတန်းထပြီးကြည့်လိုက်တော့

ကျော်ကို . . .

သူတို့လတ်လတ်ဆတ်ဆတ် ဝယ်ထားသော တိုက်ခန်း၏ နဖူးစည်းနေရာတွင် ပိတ်စလိပ်ကြီးတစ်ခုကို ချွေးသံတရွှဲရွှဲနှင့် ထုရိုက်နေသည်ကို တွေ့ရ၏။

ဝကြီးလည်းအံ့အားသင့်ကာ အပြင်ထွက်ကြည့်လိုက်တော့ . . .

'ဟင်'

ကျော်ကိုရိုက်နှက်နေသော ပိတ်စပေါ် မှစာတန်းကို

www.foreverspace.com.mm



မြင်တော့ ဝကြီးအံ့အားသင့်သွားရ၏။ အံ့အားသင့်မယ်ဆိုလည်း သင့်စရာ။ ပိတ်စပေါ်တွင် ရေးထားသည့်စာကလည်း ကြည့်ပါဦး။

'ငွေနှစ်ထောင်ကျပ်တည်းနဲ့ တိုက်ခန်းတစ်ခန်း အပိုင်လိုချင်ပါသလား၊ ကံကြမ္မာက သင့်အားမျက်နှာသာပေးနေပြီ၊ မည်သူမဆို ဤတိုက်ခန်းအပိုင်ရဖို့ ကံစမ်းနိုင်ပြီ'

'ဟာ'

စာသားကိုဖတ်ပြီး ဝကြီးပို၍လန့်သွားရ၏။ ထို့ကြောင့် . . .

'ဟေ့ကောင် မင်း. . မင်းဘာလုပ်တာလဲကွ၊ ဟေ'

ဆိုတာကို ကျော်ကိုက . . .

'ဒီတိုက်ခန်း ကံစမ်းမဲဖောက်ဖို့လေ'

'ဟာ. . ဒါ ငါတို့ဝယ်ထားတဲ့ တိုက်ခန်းလေ၊ ဒါကိုငွေနှစ်ထောင်တည်းနဲ့ကံစမ်းမဲဖောက်မယ်ဆိုတော့ မင်းရူးနေလို့လားကွ ဟေ'

ဆိုတော့ ကျော်ကိုက သူ့အလုပ်ပင်မပျက်ဘဲ . . .

'ခင်ဗျားဘာမှမသိဘဲ အသာနေစမ်းပါ၊ ဒါအလုပ်လုပ်နေတာဗျ အလုပ်လုပ်နေတာ'

သူ့စကားလည်းကြားရော ဝကြီးလည်း ဒေါသထွက်သွားပြီး . . .

'ဘာအလုပ်လုပ်တာလဲကွ၊ မင်းဒါကြီးဘန်းပြပြီး လိမ်စားဖို့မဟုတ်လားကွ၊ ဟေ'

ဝကြီး၏ ဒေါသတကြီးစကားကြောင့် ကျော်ကို လုပ်လက်စအလုပ်ရပ်သွား၏။ နောက်မှ ဝကြီးဘက် ဖြည်းညင်းစွာလှည့်ကာ . . .

'ဒါ . . . ကျုပ်လိမ်စားဖို့ လုပ်နေတာမဟုတ်ဘူး'

'ဟင်. . ဒါ. . . ဒါဆို ဒီအခန်းကြီးကို ငွေနှစ်ထောင်တည်းနဲ့ တကယ်ကံစမ်းမဲဖောက်ပစ်မှာပေါ့၊ ဟုတ်လား ဟေ'

ဝကြီးစကားကို ကျော်ကိုက လုပ်လက်စအလုပ်များရပ်ပြီး ဝကြီးပခုံးကိုသိုင်းဖက်၊ အိမ်ထဲပြန်ဝင်ကာ . .

'လာ. . ကျုပ် ခင်ဗျားကို ရှင်းပြမယ်'

www.foreverspace.com.mm



ဝကြီးလည်း ကျော်ကိုခေါ်ရာနောက်သို့ ကြောင်တောင်တောင်နှင့် လိုက်ပါသွားရ၏။

× × ×

www.foreverspace.com.mm



ကျော်ကိုက စီးကရက်တစ်လိပ်ကို အသေအချာ ဖိမ်ခံသောက်နေ၏။ ဝကြီးကတော့ ထုံးစံအတိုင်း ကျော်ကို့ကို ငေးကြည့်နေသည်။ အတန်ကြာမှ ကျော်ကိုက ဆေးလိပ်ပြာခြွေချရင်း. .

'ဒီလို ကိုဝကြီးရဲ့'

ဆေးလိပ်မီးခိုးများ ပျံ့လွင့်နေ၏။

'ကျွန်တော်တို့ ဒီတိုက်ခန်းကိုဝယ်တာ သိန်းနှစ်ဆယ်ဆိုပါတော့'

'အင်း. . နှစ်ဆယ်ကျော်'

'အခု . . . ကံစမ်းမဲက တစ်စောင်နှစ်ထောင်ဆိုရင် လက်မှတ်အစောင်တစ်ထောင်ဆိုရင် သိန်းနှစ်ဆယ်ပြန်ရ

www.foreverspace.com.mm



ပြီ၊ လက်မှတ်အစောင်တစ်ထောင်ဆိုတာ ဒီနေ့တစ်နေ့တည်းတောင် ရောင်းရနိုင်တယ်'

'ဟင် . . ဒါဆိုကျန်တဲ့ပိုက်ဆံ၊ နောက်နေ့ပိုက်ဆံတွေကို မင်းတိုက်ခန်းအဆုံးခံပြီး လိမ်ပြေးမှာပေါ့၊ ဟုတ်လား'

ဝကြီး၏ဒေါသတကြီးစကား။ ဒါကို ကျော်ကိုက သောက်လက်စ စီးကရက်ကိုထိုးခြေရင်း ခပ်ဖွဖွပြုံးကာ

'အဲလိုမဟုတ်ဘူး'

'ဘယ်လို'

ကျော်ကို၏စကားကြောင့် ဝကြီးကြောင်သွား၏။ ဒါကိုကျော်ကိုမှပင် ဆက်၍ . . .

'ကျွန်တော်အခုလုပ်နေတဲ့နည်းက တိုက်ခန်းလည်းအဆုံးမခံရဘူး ငွေလည်းပိုရမယ့်နည်းပဲ'

'ဟင် . . ဘယ်လို၊ တိုက်ခန်းလည်းကိုယ်ရ၊ ငွေလည်းပိုရတဲ့နည်း ဟုတ်လား'

ဝကြီးရဲ့ အံ့သြတကြီးအမေး၊ ကျော်ကိုက ခေါင်းညိတ်၍ . . .

'ဟုတ်တယ်၊ ကိုယ့်အတွက် ဘာမှအဆုံးမရှိတဲ့နည်းပဲ'

ကျော်ကို့စကားကြားသည်နှင့် ဝကြီးစိတ်ဝင်စားသွားကာ . . .

'ဘယ်လို . . ဘယ်လိုလုပ်ရမှာလဲဟင်'

ဝကြီးအမေးကို ကျော်ကိုက ခါးကိုမတ်လိုက်ကာ . . .

'လွယ်လွယ်လေးပါ၊ အခု ကျွန်တော်တို့ ဒီတိုက်ခန်းကို ကံစမ်းမဲ လက်မှတ် တစ်စောင်နှစ်ထောင်နဲ့ ရောင်းတော့မယ်ဆိုပါတော့၊ လက်မှတ်ပေါင်းတစ်ထောင်ပဲ ရောင်းရတယ်ဆိုပါဦး၊ ငွေကသိန်းနှစ်ဆယ်ပြန်ရမယ်၊ အဲဒီ့ငွေသိန်းနှစ်ဆယ်ကို တခြားစီးပွားရေးမလုပ်ရင်တောင် ဘဏ်မှာပဲသွားပြန်ထည့်ထားဦး၊ အဲဒီ့တစ်နှစ်အတွင်းမှာ ဒီတိုက်ခန်းဟာ ကိုယ့်တိုက်ခန်းဖြစ်တဲ့အတွက် ကိုယ်ပဲနေနေရလိမ့်မယ်၊ အဲ . . တစ်နှစ်ပြည့်တဲ့အခါကျမှ ကံစမ်းမဲမဖောက်ဖြစ်တော့ဘူး၊ ထိုးထားတဲ့ငွေပြန်အမ်းမယ်ဆိုပြီး သူတို့ရဲ့ငွေ

www.foreverspace.com.mm



ကံစမ်းမဲထိုးထားတဲ့သူတွေရဲ့ငွေ ကိုယ့်ဘဏ်မှာ အပ်ထားတဲ့ငွေကို ပြန်ထုတ်ပြီး ပြန်အမ်းလိုက်ရုံပဲ'

'အကျိုးအမြတ်က'

'သူတို့ငွေတွေကို ကိုယ်က ဘဏ်ထဲထည့်ထားတဲ့အတွက် ဘဏ်တိုးက ကိုယ်ရမယ်လေ၊ သိန်းနှစ်ဆယ်နဲ့ ဘဏ်တိုးချည်းပဲ တွက်ကြည့်ပါဦး'

'ဟာ . . . ရှင်းရှင်းကြီးပါလား'

ကျော်ကို၏စကားဆုံးသည်နှင့် ဝကြီး ဝမ်းသာအားရထအော်၏။

စဉ်းစားကြည့်လေ . . ပိုက်ဆံရပုံက လွယ်လွယ်လေး။

'ကိုယ်ကပိုက်ဆံစိုက်ပြီး တိုက်ခန်းဝယ်တယ်၊ အဲဒီ့တိုက်ခန်းဝယ်တဲ့ ပိုက်ဆံကို ကံစမ်းမဲထိုးသူတွေဆီက ပြန်ယူတယ်၊ ပြီးတော့ သူတို့ပိုက်ဆံကို ကိုယ့်ပိုက်ဆံလုပ်ပြီး ဘဏ်မှာအပ်တယ်၊ အဲဒီလိုဘဏ်မှာအပ်ထားတဲ့ အတွက် ဘဏ်တိုးကို ကိုယ်ကရတယ်'

'နောက်ဆုံး ကံစမ်းမဲမဖောက်ဖြစ်တော့ဘူးဆိုပြီး ကံစမ်းမဲထိုးထားသူတွေကို ငွေပြန်အမ်းလိုက်တော့ တိုက်ခန်းကလည်း ကိုယ်ဝယ်ထားတဲ့တိုက်ခန်း ကိုယ်ပဲပြန်ပိုင်၊ ဘဏ်မှာအပ်ထားတဲ့ငွေကလည်း ကိုယ့်ငွေမို့ ဘဏ်တိုးကျတော့ ကိုယ်ပဲရ၊ ဘယ်လောက်အဆင်ပြေလဲ'

'ဟုတ်လိုက်လေကွာ၊ ဒါမျိုး ငါတစ်ခါမှ မစဉ်းစားမိဖူးဘူး'

ဝကြီး၏ ဝမ်းသာအားရထောက်ခံသံ။ ဒါကိုကျော်ကိုကပြုံးပြီး

'ဒါတင်ဘယ်ဟုတ်ဦးမှာလဲဗျ၊ တိုက်အိမ်တစ်အိမ်ကို ငွေနှစ်ထောင်နဲ့ရမယ်ဆိုတော့ လက်မှတ်စောင်ရေ သောင်းချီရနိုင်တယ်၊ အဲဒီ့လောက် လက်မှတ်ရောင်းရရင် တိုက်ခန်းထားခဲ့ပြီး လိမ်ပြေးလို့တောင်ရပြီ'

'ဟာ. . . အဲလိုတော့ မလုပ်ပါနဲ့ ကွာ'

'သဘောပြောတာပါ၊ ကျုပ်လည်းမလုပ်ပါဘူး၊ အဲ . . . တစ်နှစ်ကြာသွားလို့ ကံစမ်းထားတာ ပြန်အမ်းမယ်ဆိုရင်တောင် ထိုးထားတဲ့ လက်မှတ်ပျောက်လို့ နှစ်ထောင်ပဲကွာ ပြန်မယူတော့ပါဘူးဆိုတဲ့ သူတွေဆီက လည်း ပိုက်ဆံအလကားရဦးမှာ၊ နောက်ပြီး ဘဏ်တိုးကိုပြန်တွက်ကြည့်ဦး၊

www.foreverspace.com.mm



ကံစမ်းမဲလက်မှတ်တစ်သောင်းကရတာကို ဘဏ်ထဲထည့်ထားလိုက်ရင် ဘဏ်တိုးက အဲသည်လောက်ပြန်ရမှာပဲ'

'မှန်ပ့ါ . . . မှန်ပ့ါ၊ ငါတို့တောင် လမ်းကြုံလို့ဝင်ထိုးထားတဲ့ ကံစမ်းမဲ တစ်ခါပြန်ကြည့်ဖြစ်တာ မဟုတ်ဘူး၊ အဲ. . ဒါနဲ့နေပါဦး၊ ဒီလက်မှတ်တွေက ဘယ်သူရောင်းမှာလဲ'

ဝကြီး၏အမေး။ ဒါကို ကျော်ကိုကပြုံးပြီး . . .

'မပူပါနဲ့ဗျာ ကျုပ်စီစဉ်ထားပြီးသားပါ၊ ဟော ဟိုမှာလာပါပြီ'

ကျော်ကိုညွှန်ပြရာ ဝကြီးလှည့်ကြည့်လိုက်တော့ လှတပတကောင်မလေးတစ်ယောက်။

'ဟ. . . အနိပ်ဟ'

ဝကြီးဆီက အာမေဍိတ်သံ။ ကျော်ကိုပြုံးပြီး . . .

'ကံစမ်းမဲထိုးချင်အောင် ဒါမျိုးနဲ့ကလည်း မြူဆွယ်ရသဗျ၊ ဟီး. . ဟီး'

ကျော်ကိုရဲ့ရယ်သံ။

သူတို့တိုင်ပင်နေတုန်းမှာပင် ကောင်မလေးကပြုံးရွှင်သောမျက်နှာနဲ့ ရောက်လာပြီး . . .

'ကိုကြီးကျော်ကို . . . မာရဲ့နော်'

ဆိုတော့ ကျော်ကိုက ပြုံးဖြီးဖြီးဖြင့် . . .

'မာရဲ့ဗျာ . . မာရဲ့၊ မာတာမှ တစ်ကိုယ်လုံးကို မာတာ၊ ဟီး ဟီး'

ကျော်ကို၏စကားကို ကောင်မလေးက အဓိပ္ပါယ်ပေါက်သလို ပခုံးလေးတွန့်ပြီး ပြုံးနေသည်။ ပြီးမှ . . .

'သူကရော'

ဆိုပြီး ဝကြီးကို မေးငေ့ါပြသည်။ ဒါကို ကျော်ကိုက . . .

'သူက လုပ်ငန်းမှာတော့ ကိုယ့်ဆရာ၊ လူနောက်ကွယ်မှာတော့ ကိုယ့်တပည့်ပေါ့'

ဟု ဆိုလိုက်ရာ။ ကောင်မလေးက . . .

'ဒါဆို . . . ဆရာတပည့်ပေါ့၊ ခစ် . . . ခစ်'

www.foreverspace.com.mm



ဆိုရင်း သူ့ဘာသာသူ သဘောကျစွာရယ်နေသည်။ အတန်ကြာမှ ကျော်ကိုက . . .

'ကဲ . . . ကိုဝကြီး သူကမဥ္ဇူတဲ့၊ ကျုပ်တို့နဲ့အတူ လုပ်မယ့်သူပေါ့'

ဟုဆိုလိုက်ရာ ဝကြီးကလည်း ပြုံးဖြီးဖြီးနှင့် . . .

'ဟုတ်ကဲ့၊ တွေ့ရတာဝမ်းသာပါတယ်'

ကောင်မလေးက ခေါင်းညိတ်အသိအမှတ်ပြုပြီး ပြုံးနေ၏။ ကျော်ကို မှပင်ဆက်၍ . .

'ကဲ . . အခုအချိန်ကစပြီး ကျွန်တော်တို့အားလုံး သွေးသောက်တွေ ဖြစ်ကုန်ကြပြီ၊ ဒီတော့ ဒီအလုပ်တွေအားလုံးကို မဥ္ဇူကိုပဲ လွှဲခဲ့ရတော့မှာပဲ'

ဆိုတော့ ဝကြီးလည်းမျက်လုံးပြူးသွားပြီး . . .

'ဟင် . . . ဒါဆို ငါတို့က'

'ကျွန်တော်တို့ကခရီးထွက်ရမယ်လေ'

'ဟင်. . ခရီးထွက်ရမယ်၊ ဘာလို့'

ဝကြီး၏အလောတကြီးအမေး။ ဒါကိုကျော်ကိုက အရှေ့စားပွဲခုံကို တဒေါက်ဒေါက်ခေါက်ရင်း . . .

'ကိုဝကြီးသတိမထားမိလို့ပါ၊ အခု ကျွန်တော်တို့နောက်ကို လိုက်နေတဲ့အဖွဲ့တွေ ရှိတယ်ဗျ'

'ဟင်. . ဟုတ်လား'

ဝကြီး ပျာပျာသလဲနဲ့ အနောက်ပြန်လှည့်ကြည့်မိ၏။

'ဒီလောက်လည်းမစိုးရိမ်ပါနဲ့၊ ကျွန်တော်တို့ အမြန်ဆုံး ဒီကခွာနိုင်ရင် ရပါသေးတယ်'

'ဘယ်တော့လဲ၊ ဘယ်ကိုခွာမှာလဲ'

ဝကြီးအမေးကို ကျော်ကိုက မျက်မှောင်ကြုတ်စဉ်းစားရင်း . . .

'အင်း. . . ကျွန်တော်တော့ မိတ္ထီလာဘက်ရှောင်ရင် ကောင်းမလားပဲ စဉ်းစားမိတယ်'

'မိတ္ထီလာဟုတ်လား၊ ဘယ်တော့သွားမှာလဲ'

www.foreverspaces.com.mm



'အခု'
'ဟင်'

× × ×

www.foreverspace.com.mm



မိတ္ထီလာမြို့၏အထင်ကရ မိတ္ထီလာကန်နံဘေးတွင် တည်ဆောက်ထားသော ဝန်ဇင်းဧည့်ဂေဟာဝရန်တာပေါ်မှနေ၍ဝကြီး မိတ္ထီလာကန်ကြီးကိုငေးကြည့်နေသည်။

ကျော်ကိုကတော့စီးကရက်တစ်လိပ်ကို စိမ်ပြေနပြေဖွာရင်း ဘာတွေစဉ်းစားနေသည်မသိ။ သူ့ပုံမှာ လိမ်လည်မှုနဲ့ ထွက်ပြေးတိမ်းရှောင်လာရပုံ မပေါက်ဘဲ အလုပ်များလွန်း၍ လာရောက်အနားယူနေပုံမျိုးသာ ပေါက်နေသည်။

ဝကြီးခမျာတော့ မိတ္ထီလာရောက်လာရတာကို စိတ်ပဲချမ်းသာရမလား။ ရန်ကုန်မြို့ကနေ ထွက်ပြေးလာရတဲ့အတွက် ဝမ်းပဲနည်းရမလား ဖြစ်နေမိသည်။

ယခုဆိုလျှင် သူတို့ထံတွင်ငွေရေးကြေးရေးလည်း

www.foreverspace.com.mm



အတန်အသင့်ရှိနေပြီ ဖြစ်သော်လည်း ထိုငွေများမှာ တစ်ပါးသူများထံမှ ဖျံကျ ရယူထားသည့် ငွေများသာဖြစ်၍ စိတ်မချမ်းသာ ဖြစ်နေရ၏။

ရှေ့ဆက်ပြီး ဘာဆက်ဖြစ်မည်ကို ဘာမှမရေရာသေး။ သူတို့ကိုယ်တိုင်လည်း ဘာမှမသိသေး။

ဝကြီး စိတ်လေးစွာ သက်ပြင်းချမိသည်။ ထိုအချိန်မှာပင် ကျော်ကိုက

'ဘယ့်နှယ့်လဲကိုဝကြီး . . ဘာတွေစိတ်ဆင်းရဲပြီး၊ သက်ပြင်းချနေရတာလဲဗျ'

ကျော်ကို့စကားကို ဝကြီးက . .

'အေးကွာ. . . ငါတို့ဘဝနဲ့နေထိုင်မှုကို စိတ်လေးနေမိလို့ပါ။ ဘယ်ကိုသွားရမှန်းလဲမသိ၊ ဘာဆက်ဖြစ်မယ်မှန်းလဲမသိ'

ဝကြီးရဲ့စကားကို ကျော်ကိုက ခပ်ဟဟရယ်ရင်း . . .

'မစိုးရိမ်ပါနဲ့ဗျာ၊ ကျွန်တော်တို့ နောက်ဆုံးသွားရာလမ်းက တစ်လမ်းပဲရှိတော့တယ်'

'ဟင်'

ကျော်ကိုရဲ့ စကားကြောင့် ဝကြီး မျက်လုံးပြူးသွားသည်။ ဒါကို ကျော်ကိုက ရေနွေးတစ်ကျိုက်မော့သောက်ပြီး

'ကဲ. . လာဗျာ မိတ္ထီလာမြို့ရောက်တုန်းရောက်ခိုက် လျှောက်လည်ကြည့်ရအောင်'

ဟုဆို၍ . . .

× × ×

www.foreverspaces.com.mm

အေးမြလတ်ဆတ်သော မိတ္ထီလာကန်မှဖြတ်တိုက်လာသော လေပြည်ကိုရှူသွင်းရင်း ဝကြီးစိတ်လက်ပေါ့ပါးနေသည်။

ကျော်ကိုကတော့ သူ့လိုမဟုတ်။ လမ်းသွားလမ်းလာများကို မျက်ခြည်မပြတ်ကြည့်ရင်း ငိုက်စိုက်ငိုက်စိုက်နှင့်ပါလာ၏။ အတန်ကြာလမ်းလျှောက်ပြီးမှ ကျော်ကိုက . .

'လာဗျာကိုဝကြီး . . လမ်းလျှောက်ရတာပင်ပန်းပြီ တစ်ဆိုင်ဆိုင်ထဲ ဝင်လိုက်ရအောင်'

ဆိုပြီး စားသောက်ဆိုင်တစ်ခုထဲ ဝင်ချသွား၏။

ဆိုင်ထဲရောက်တော့ ရက်(ဒ်)လေဘယ်လ်တစ်လုံးနှင့် အမြည်းများမှာလိုက်သည်။

သြော်. . ကောင်းတာကိုမှ စားမယ်သောက်မယ်ဆိုတဲ့ လူလိမ်ပါလား။

www.foreverspace.com.mm

ခဏနေ စားပွဲထိုးလေးပြန်ရောက်လာတော့ ကျော်ကိုက . . .

'ညီလေး . . လာပါဦးကွ'

စားပွဲထိုးလေးက ကျော်ကို့နားကပ်ပြီး . .

'ဘာလိုလို့လဲဆရာ'

'ဘာမှမလိုချင်ပါဘူး၊ သိချင်တာလေးတွေရှိလို့ပါ'

'ဟုတ်ကဲ့၊ မေးပါဆရာ'

ကျော်ကိုက ရက်(ဒ်)လေ ဘယ်လ်တစ်ပက်လောက်ကို သူ့ဖန်ခွက်ထဲ လောင်းထည့်ရင်း . . .

'ဒီမိတ္ထီလာသာစည်တစ်ဝိုက်မှာ ဘာပေါလဲ'

ကျော်ကို့အမေးကို စားပွဲထိုးလေးက ခေတ္တစဉ်းစားလိုက်ပြီး . .

'ဘာပေါလဲဆိုတော့၊ အင်း . . ဆန်စပါးနဲ့ဝါတွေပဲပေါပါတယ်ဆရာ'

စားပွဲထိုးလေးစကားကို ကျော်ကိုမျက်မှောင်ကြုတ်စဉ်းစားလိုက်ပြီး

'မဟုတ်သေးဘူးကွ၊ တခြားရော'

စားပွဲထိုးလေး ခေါင်းကုတ်သည်။ နောက်မှ

'ဆီတို့ . . . တခြားစားသောက်ကုန်တို့'

သူ့စကားကို ကျော်ကိုက ခေါင်းခါကာ

'မဟုတ်သေးဘူးကွ၊ နောက် တခြားရော'

ဆိုတော့ စားပွဲထိုးလေး စိတ်ညစ်လာ၍ထင့် . .

'တခြားဆိုရင်တော့ မြွေပဲပေါတယ်'

'မြွေဟုတ်လား'

မြွေသံကြားသည်နှင့် ကျော်ကို မျက်လုံးအရောင်လက်သွားသည်။

'မြွေက . . . တကယ်ပေါတာလား'

'တကယ်ပါဆရာ၊ ဒီနှစ်က မိုးလည်းများလို့လားမသိဘူး၊ နေရာတိုင်း လိုလို မြွေတွေတွေ့တွေ့နေရတယ်'

'တစ်လောကတောင် ကျွန်တော်တို့ဆိုင်က စားပွဲထိုးလေးတစ်ယောက် မြွေအကိုက်ခံရလို့ ဆေးရုံပို့လိုက်ရသေးတယ်'

'မင်း. . မင်းပြောတာအမှန်ပဲလား'

www.foreverspace.com.mm



မြွေသံကြားသည်နှင့် ကျော်ကို ဘာကြောင့် ဒီလောက်စိတ်လှုပ်ရှားနေရကြောင်းကို ဝကြီး မစဉ်းစားတတ်ဖြစ်နေသည်။

'အမှန်ပါပဲဆရာ၊ အရင်က မမြင်ခဲ့ဖူးတဲ့မြွေတွေ ကားလမ်းမပေါ် ရောက်လာလို့ တစ်လောက လူတွေဝိုင်းဖမ်းရသေးတယ်'

စားပွဲထိုးလေး စကားကို ကျော်ကိုက သူ့အရှေ့ကစားပွဲကိုပုတ်ပြီး

'ဟုတ်ပြီဗျာ. . . ကြိုက်သွားပြီ၊ ကဲ . . . ညီလေး ဒါညီလေးအတွက် ဘောက်ဆူး'

ဟုဆိုပြီး ငါးရာတန်နှစ်ရွက် ထုတ်ပေးလိုက်သည်။

'ကျေးဇူးပဲ . . . ဆရာ'

စားပွဲထိုးလေး၏ ဝမ်းသာအားရစကားသံ။ ကျော်ကို၏မျက်နှာပေါ်တွင် မျှော်လင့်ချက်တို့ဖြင့် တောက်ပြောင်လို့ . .

ဒါကို ဝကြီးက နားမလည်နိုင်စွာဖြင့် . .

'မင်း. . မင်းဘာတွေလုပ်ဦးမှာလဲကွ၊ ဟေ'

ဆိုတာကို ကျော်ကိုက သူ့ရှေ့က အရက်ခွက်ကို ကမန်းကတန်း ဝှပ်ခနဲ မော့ချလိုက်ပြီး . . .

'ခင်ဗျားမသိရင် အသာနေစမ်းပါ'

ဟုဆိုပြီး . .

'ကဲ. . ဒါ ခင်ဗျားရှင်းထားနှင့်ပြီး တည်းခိုခန်းပြန်လိုက်တော့၊ ခဏနေမှ ကျုပ်ပြန်လာမယ်'

ဆိုကာ သုတ်သီးသုတ်ပျာနှင့် ထထွက်သွားလေတော့သည်။ ဝကြီးကတော့ ကျော်ကို့ကိုကြည့်ပြီး ကြောင်ငေးလျက် . . .

× × ×

www.foreverspace.com.mm

ဝကြီးတည်းခိုခန်းပြန်ရောက်ပြီး သိပ်မကြာခင်မှာပင် ကျော်ကိုသေတ္တာကြီးတစ်လုံးဆွဲပြီး ပြန်ရောက်ချလာတယ်။

'အဲဒီသေတ္တာကြီးထဲက ဘာလဲကွ၊ ဟေ'

ဆိုတာကို ကျော်ကိုက တစ်လုံးတည်းပြန်ဖြေတယ်။

'မြွေ'

ဝကြီး အမူးတွေပြေရုံမကဘဲ ဆံပင်တွေပါ ထောင်တက်ကုန်တယ်။

'မင်း. . မင်းဟာကဟုတ်ရဲ့လားဟင်'

သူ့စကားတောင် မဆုံးလိုက်ဘူး။ ကျော်ကိုယူလာတဲ့သေတ္တာထဲက မြွေကြီးတစ်ကောင်ထွက်လာတာတွေ့တော့ ဝကြီးကြက်သေသေသွားတယ်။

ဟုတ်တယ်၊ မြွေမှမည်းနက်နေတဲ့ မြွေဟောက်ကြီး

www.foreverspace.com.mm



ဒေါသတကြီးနဲ့ ပါးပျဉ်းကြီးထောင်ပြီး မာန်ဖီနေတယ်။

မြွေကြီးကိုမြင်တော့ ဝကြီးတုတ်တုတ်တောင် မလှုပ်ရဲတော့ဘူး။ ကျော်ကိုကတော့အေးဆေးပဲ . .

မြွေကြီးကို ကျင်လည်စွာဖမ်းယူပြီး သေတ္တာထဲပြန်ကောက်ထည့်လိုက်တယ်။

'ဟင်. . မင်း. . မင်း၊ အဲဒီ့လိုလည်းတတ်တယ်'

ဝကြီးရဲ့အံ့သြတကြီးအမေး။ ဒါကိုကျော်ကိုက သူ့ကိုတောင်ဝေ့မကြည့်ဘဲ . . .

'ထောင်ဆိုတာ. . . လူဆိုးတွေကို လူကောင်းဖြစ်အောင် ပြုပြင်ပေးတဲ့ကျောင်းဖြစ်သလို၊ ပညာသင်ချင်သူတွေအတွက် သိလိုတတ်လိုသမျှတွေကိုလည်း ပညာစုံသင်ပေးတဲ့ကျောင်းလည်းဖြစ်တယ်'

'လူတွေက ထောင်ထဲရောက်ရင် အပြစ်ဒဏ်ကျခံဖို့လောက်ပဲ သတိရကြပြီး ပညာသင်ခဲ့ဖို့ကိုတော့ မေ့နေတတ်ကြတယ်'

'ကျုပ်ကတော့ အပြစ်ဒဏ်လည်း ကျခံတယ်၊ ပြီးတော့ အားလပ်ချိန်မှာ ထောင်ထဲက ဆရာကြီးများဆီက သိသင့်တတ်သင့်တာတွေကိုလည်း သင်ခဲ့တယ်လေ၊ အင်္ဂလိပ်စာကိုတောင် ကျုပ်ကထောင်ထဲကတတ်ခဲ့တာ'

ကျော်ကို့ကို ဝကြီး ပါးစပ်အဟောင်းသားနဲ့ ငေးကြည့်နေမိတယ်။ နောက်မှသတိရပြီး . . .

'နောက် . . နောက် . . . ဒီမြွေကြီးက'

သူ့စကားမဆုံးခင် ကျော်ကိုက

'ခင်ဗျားဘာမှမသိရင် အသာနေစမ်းပါ၊ အဲ. . . ဒါနဲ့ ကျုပ်ကို ဖယောင်းတိုင်အထုပ်ကြီးတစ်ထုပ် သွားဝယ်ပေးပါဦး'

'ဟင်. . မီးလာနေတယ်လေ၊ ဖယောင်းတိုင်ကဘာလုပ်ဖို့'

ဆိုတာကို ကျော်ကိုကခုနကအတိုင်းပဲ . .

'ခင်ဗျားမသိရင်အသာနေစမ်းပါ'

ဆိုပြီး မြွေသေတ္တာကြီးဆွဲကာ အခန်းထဲဝင်ချသွားတယ်။

× × × × × ×

www.foreverspace.com.mm

အဲဒီ့တည်းက ကျော်ကို အပြင်ထွက်တယ်လို့ကို မရှိဘူး။ အခန်းထဲမှာ မြွေတစ်ကောင်နဲ့ ဘာလုပ်နေတယ်ရယ် မသိဘူး။ ထမင်းစားချိန်၊ ရေချိုး ချိန်ကလွဲပြီး အခန်းထဲမှာ အလုပ်ရှုပ်နေတယ်။ ဝကြီးနဲ့ကလည်း အခန်း ချင်းမတူတော့ ကျော်ကို ဘာကြံစည်နေတာရယ် မသိရဘူး။

တစ်ခါတလေမှာလည်း သစ်သားတုံးတစ်ခုကိုယူလာပြီး လက်တစ် ဆစ်လောက်အပိုင်းလေးတွေပိုင်း၊ အဲဒီ့ သစ်ပိုင်းလေးပေါ်မှာ နဂါးရုပ်ကလေး တွေ ထွင်းနေတယ်။ နောက်ပိုင်း အဲ့ဒီအလုပ်ကို ဝကြီးကိုသင်ပေးပြီး အရုပ် ကလေးတွေလုပ်ခိုင်းတယ်။ ဝကြီးက ကျော်ကို့ရဲ့ အကြံအစည်ကို မသိရပေ မဲ့ ကျော်ကိုခိုင်းတဲ့အတိုင်း လုပ်ပေးရတယ်။ ကျော်ကိုကတော့ ဝကြီးနဂါး ရုပ်လေးတွေ လုပ်နိုင်ပြီဆိုတာနဲ့ အခန်းထဲပြန်ဝင်နေတော့တာပဲ။

အခန်းထဲမှာ မြွေဆိုးတစ်ကောင်နဲ့ နေရဲတဲ့ ကျော်ကို့သတ္တိကိုလည်း ဝကြီးမလေးစားလို့မရဘူး ဖြစ်နေတယ်။

ဒီလိုနဲ့ တစ်ပတ်လောက်ကြာတော့ ကျော်ကိုအပြင်ထွက်လာတယ်။ နောက်ဝကြီးကို . . .

'ကဲ. . ကိုဝကြီး ယောဂီရောင်ဝတ်စုံဝတ်ပြီး အသင့်ပြင်ထား။ ကျုပ် တို့အပြင်သွားရမယ်'

ဆိုပြီး သူအရင်မြို့ထဲထွက်သွားတယ်။ သိပ်မကြာဘူး။ မြို့ထဲကနေ လင်းကွင်းကြီးတစ်ချပ်၊ တုတ်ကလေးတစ်ချောင်းနဲ့ ပြန်ရောက်လာတယ်။ သူပြန်ရောက်တော့ ဝကြီးက သူပြောတဲ့ အဝတ်အစားလဲပြီး အဆင်သင့်။

'ကဲ. . အဆင်သင့်ဖြစ်ရင် သွားရအောင် ကိုဝကြီး'

ဆိုပြီး အခန်းထဲက သူ့မြွေသေတ္တာကြီး ယူထုတ်လာတယ်။

မြွေသေတ္တာနဲ့ ကျော်ကို့ကိုတွေ့တော့ ဝကြီးအံ့အားသင့်သွားပြီး . .

'ဟင်. . ဘယ်. . ဘယ်သွားကြမှာလဲဟင်'

ဆိုတာကို ကျော်ကိုက . .

'ခင်ဗျားမသိရင် အသာလိုက်ခဲ့ပါ။ လာ. . ဒီအချိန်ဈေးစည်တုန်းလေး မြန်မြန်သွားရအောင်'

ဆိုပြီး မြွေသေတ္တာဆွဲကာ ရှေ့ကဆင်းချသွားတယ်။ သူ့နောက်ကမှ ဝကြီးက ယောင်ပေယောင်ပေနှင့်။

× × ×

www.foreverspace.com.mm



'ချမ်း. . . ချမ်း. . . ချမ်း'

မိတ္ထီလာမြို့၏ လူစည်ကားရာ အရပ်မှ အထက်ပါ လင်းကွင်းသံကိုကြား၍ အားလုံးလှည့်ကြည့်ကြသည်။ လင်းကွင်းတီးလိုက်သူက ကျော်ကို။ ခုံတစ်လုံးပေါ် ယောဂီရောင်ဝတ်စုံနှင့် မတ်မတ်ကြီးထိုင်နေသူက ဝကြီး။

ဝကြီးခမျာလည်း ထိုင်သာထိုင်နေရတာ။ အခြေအနေက ဘာဆက်ဖြစ်လို့ဖြစ်မယ်မှန်းမသိ။ ကျော်ကိုကသာ အသံကျယ်ကျယ်နှင့်ဆက်၍

'ချမ်း. . ချမ်း. . . ချမ်း. . '

'ဤမြို့မှာနေထိုင်ကြပါကုန်သော မြို့မိမြို့ဖအပေါင်းတို့ခင်ဗျား၊ ကျွန်တော်တို့ဟာ ချင်းပြည်နယ် တီးတိန်မြို့ကနေ လာရောက်ခဲ့ကြသူများဖြစ်ပြီး မြို့မိမြို့ဖရှေ့မှောက် ရောက်နေသူကတော့ မြန်မာပြည်တလွှား

www.foreverspace.com.mm



ကျော်ကြားလှပါတယ်ဆိုတဲ့ နဂါးနိုင်ကျော်ထွဋ်ခေါင်ပဲ ဖြစ်ပါတယ်'

ဆိုကာ ကျော်ကိုက ဝကြီးကို ညွှန်ပြသည်။ စိတ်ဝင်စားသူများက ဝကြီးကိုလှမ်းကြည့်ကြ၏။ ထိုတော့မှ ဝကြီးလည်း သြော်. . ငါဟာနဂါးနိုင်ကျော်ထွဋ်ခေါင်ပါလားဆိုပြီး သိရတော့သည်။ ဒါကိုကျော်ကိုကဆက်၍

'ယခု ကျွန်တော်တို့ဆရာတပည့်နှစ်ယောက်ဟာ သာသနာပြုရန်အောက်ပြည်ဘက်အဆင်း'

ဘာသာသနာပြုဖို့မှမဟုတ်။ လူတွေကို လိုက်လိမ်စားဖို့လုပ်နေခြင်းသာ။ ဝကြီးလည်း ကျော်ကိုပြောသမျှ မျက်စိစုံမှိတ်နေလိုက်သည်။

'ယခု . . . မိတ္ထီလာနယ်ထဲအဝင်မှာမှ မြွေဆိုးအန္တရာယ်ပေါများကြောင်းသိရ၍ ကျွန်တော့်ဆရာကြီး နဂါးနိုင်ကျော်ထွဋ်ခေါင်ကို တောင်းပန်လျှောက်ထားကာ ခုနစ်ရက်သားသမီးများရဲ့ ဒုက္ခကိုကယ်တင်ရန် ရောက်လာရပါသည်'

မြွေဆိုသည့်အသံကြားသည်နှင့် လူများဝိုင်းအုံလာသည်။ ဒါကို ကျော်ကိုမှပင်ဆက်၍ . . .

'ငါ့ညီငါ့မောင်ရယ်တဲ့၊ ဒီလိုအော်သံကြားလို့ မင်းတို့က မျက်လှည့်ပြမှာလားတဲ့၊ မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော်တို့ဟာ မျက်လှည့်ဆရာများမဟုတ်ကြပါဘူး၊ တစ်နည်းပြောရရင် မျက်မှောက်ခေတ်ရဲ့ လောကီလောကုတ္တရာနှစ်ဖြာ အားထုတ်နေကြသော လူသူတော်များပင် ဖြစ်ကြပါတယ်၊ ဒါ့ကြောင့်လည်း ရှေးရေစက်ကံ အကြောင်းတိုက်ဆိုင်ကာ လူတွေကို ကယ်ယူခွင့်ရရှိသူများ ဖြစ်ပါတယ်'

လူတွေက အတော်များများစုရုံးမိလာကြသည်။

'ကဲ. . အပြောရယ်နဲ့လည်း မပြီးသေးပါဘူး၊ မိဘပြည်သူများ ယုံကြည်အောင် ကျွန်တော်လက်တွေ့ပြပါ့မယ်'

ဆိုကာ လက်တစ်ဝါးစာ အနီရောင်ပိတ်စနှင့် သူတို့ထုလုပ်ထားသော နဂါးပုံလေးတစ်ခု ထုတ်ယူလိုက်သည်။

'ဟောဒီမှာကြည့်ကြပါ၊ ဒါကို သာမန်မျက်စိနဲ့ကြည့်မယ်ဆိုရင်တော့ ဘာမဟုတ်တဲ့ သစ်သားရုပ်လို့ပဲထင်ကြမှာပါ'

www.foreverspace.com.mm



အားလုံးကကျော်ကိုပြသောအရုပ်ကလေးကို ဝေ့ကြည့်ကြသည်။ ကျော်ကိုကဆက်၍ . . .

'ဒါဟာ နှယ်နှယ်ရရမဟုတ်ပါဘူး၊ ကျွန်တော်တို့ချင်းပြည်နယ် ရေခဲတောင်ရဲ့အစွန်းမှာမှပေါက်တဲ့ နဂါးနွယ်ပင်ရဲ့ အသီးတစ်မျိုးပါ၊ သီးလာကတည်းကိုက နဂါးရုပ်လေးတစ်ခု ပါရှိပါတယ်'

ဝကြီး သူ့ဘာသာသူထွင်းထားတဲ့ဟာကြီးမို့ ရှက်နေမိ၏။ ကျော်ကိုကတော့ ခပ်တည်တည်ပင် . . .

'နဂါးနွယ်ပင်ဟာ နှစ်တစ်ရာမှတစ်ကြိမ် အသီးသီးတတ်ပြီး တစ်ခါသီးရင် အလုံးပေါင်းတစ်ထောင်သာ သီးတတ်ပါတယ်၊ ကဲ . . . ငါ့ညီငါ့မောင်ရယ်တဲ့ နဂါးနွယ်သီးတော့သိပါပြီတဲ့၊ ဘာများကောင်းလို့လဲတဲ့'

'ဟုတ်ကဲ့ . . ရှင်းပြပါ့မယ်'

'နှစ်တစ်ရာမှတစ်ခါသီးတတ်တဲ့ နဂါးနွယ်ပင်အသီးသီးပြီဆိုရင် ဒီသီးကင်းနံ့ရတဲ့ မြွေဆိုးမှန်သမျှ နဂါးနွယ်ပင်ခြေရင်း အရောက်လာပြီး စားထားသမျှကို အန်ချပြီး တောင်းပန်ရပါတယ်'

ကျော်ကို့အပြောတွင် လူတွေမျောနေ၏။

'ဟုတ်ကဲ့ . . ပြောတိုင်းလည်းမယုံပါနဲ့၊ ကျွန်တော်လက်တွေ့ပြပါ့မယ်၊ စည်းဝိုင်းလေးနည်းနည်းချဲ့ပေးပါ၊ အန္တရာယ်ရှိလို့ပါခင်ဗျား'

ဆိုတော့ လူအားလုံးနောက်ဆုတ်သွား၏။

'ဟောဒီသေတ္တာထဲမှာ အင်မတန်ဆိုးသွမ်းတဲ့ မြွေဆိုးတစ်ကောင်ရှိပါတယ်၊ ကြည့်ကြပါ'

ဆိုပြီး သေတ္တာကိုဝုန်းခနဲဖွင့်လိုက်တော့ အထဲမှသူမွေးထားသောမြွေဟောက်ကြီး အုန်းခနဲထွက်လာတယ်။ မြွေကြီးမှာ မည်မျှဒေါသထွက်နေသည်မသိ။ ပါးပျဉ်းကြီးခွက်နေအောင်ထောင်ပြီး မာန်ဖီနေသည်။ မြွေကြီးကိုမြင်တော့ ဝိုင်းအုံကြည့်နေသူများ ရှဲထွက်သွား၏။ ဒါကိုကျော်ကိုက

'ကဲ . . မြွေကြီးကတော့မြင်တဲ့အတိုင်းပါပဲ၊ ဒီမြွေမျိုးဟာ အလွန်အဆိပ်ပြင်းလှပါတယ်ဆိုတဲ့ တောကြီးမြွေဟောက်မျိုးပါ၊ လူကိုပေါက်မိတာနဲ့ နေရာမှာတင် တုံးခနဲလဲကျသောက်တဲ့ မြွေဆိုးဖြစ်ပါတယ်၊ ဒီတော့

www.foreverspace.com.mm



မြွေအန္တရာယ်က ကာကွယ်နိုင်အောင် စည်းဝိုင်းနည်းနည်းလေးချဲ့ပေးပါ'

အားလုံး နောက်ဆုတ်ကုန်ကြ၏။ ဝကြီးပင် စည်းဝိုင်းထဲထိုင်ပြီး တထိတ်ထိတ်။ မြွေကြီးသူ့ဘက်လှည့်လာလျှင် ထွက်ပြေးရန်ပင် ပြင်ထား၏။ အားလုံး လှုပ်လှုပ်ရှားရှားဖြစ်နေကြသော်လည်း ကျော်ကိုကတော့ အေးဆေးပင်။

'တချို့ကပြောကြမယ် . . . ဆေးဆရာရဲ့မြွေဆိုး၊ အစွယ်ချိုးထားမှာပေါ့၊ အဆိပ်ထုတ်ထားမှာပေါ့တဲ့၊ လုံးဝမထုတ်ထား လုံးဝမချိုးထားပါဘူးခင်ဗျား၊ မယုံရင်ကြည့်ကြပါ'

ဆိုပြီး လက်ထဲကိုင်ထားသော တုတ်ကိုဝှေ့လိုက်သည်နှင့် မြွေကြီးက ဖြီးခနဲမြည်သံနှင့်အတူ ဒေါက်ခနဲဒေါက်ခနဲလှမ်းပေါက်၏။

'ဟာ'

'ဟယ်'

ကြည့်နေသောပရိသတ်ထံမှ အာမေဋိတ်သံများကြားရ၏။ ဒါကို ကျော်ကိုက . . .

'အားလုံးမြင်ကြတဲ့အတိုင်းပါပဲ၊ ဒီမြွေဟာ အင်မတန်ဆိုးသွမ်းလှတဲ့မြွေဆိုးကြီးပါ၊ ပရိသတ်များ သိပ်ကြောက်နေပြီလားခင်ဗျား'

ပရိသတ်ထံမှ အပ်ကျသံပင် မကြားရ။

'မကြောက်ပါနဲ့ခင်ဗျား . . ကျွန်တော့်မှာ နဂါးနွယ်သီးရှိပါတယ်၊ ဒီနဂါးနွယ်သီးရဲ့အစွမ်းကို ကျွန်တော်လက်တွေ့ပြပေါ့မယ်'

ဆိုကာ ပိတ်စအနီတစ်ခုကိုထုတ်၍ ထိုပိတ်စအပေါ်တွင်နဂါးနွယ်သီး ခေါ်သော သူတို့ပြုလုပ်ထားသော နဂါးသစ်သားရုပ်လေးကိုတင်၍ ဒေါသကြီးနေသော မြွေဆိုးကြီးရှေ့ ပြလိုက်သည်။ အားလုံးကလည်း ကျော်ကိုတော့ မြွေအပေါက်ခံရတော့မယ်ဟူသောအသိနှင့် တထိတ်ထိတ်ကြည့်နေကြသည်။

သို့သော် အထင်နှင့်အမြင် တက်တက်စင်လွဲလောက်အောင် အံ့အားသင့်လောက်စွာပင်။ ခုနက တွေ့ကရာလူပေါက်တော့မတတ် ဒေါသတကြီးဖြစ်နေသောမြွေသည် ချက်ချင်းပါးပျဉ်းကိုချ၍ ကျော်ကိုနှင့်ဝေးရာကို ထွက်

www.foreverspace.com.mm



ပြေးရန် တာစူနေသည်ကို တွေ့ရသည်။ မြွေလှည့်လာရာဘက်ရှိ လူတွေက ရုတ်ရုတ်သဲသဲ။ ဒါကိုကျော်ကိုက မြွေခါးလယ်မှ ကျင်လည်စွာပြန်ဖမ်းလိုက်ပြီး မြွေကိုပရိသတ်ရှေ့မြှောက်ပြကာ . .

'ကဲ . . ပရိသတ်ကြီးမြင်တဲ့အတိုင်းပါပဲ၊ နဂါးနွယ်သီးဟာ ဘယ်လောက်အစွမ်းထက်သလဲဆို အင်မတန်ဆိုးသွမ်းတဲ့ မြွေဆိုးတောင်တီကောင်ဘဝ ရောက်သွားရပါပြီ'

သူ့စကားကို အားလုံးသဘောကျစွာ လက်ခုပ်လက်ဝါးတီးကြသည်။ ဒါကိုကျော်ကိုကဆက်၍ . .

'ဒါနဲ့နေပါဦး . . ငါ့ညီငါ့မောင်ရယ်တဲ့၊ နဂါးနိုင်သီးက မြွေတစ်ခုကိုပဲနိုင်သလားတဲ့၊ မဟုတ်ပါဘူးခင်ဗျား ရှိပါသေးတယ်၊ ဒီနဂါးနိုင်သီးဟာ မြွေလိုကျောလျားရှည်တဲ့အရာ အကုန်နိုင်ပါတယ်'

'ဒါဆိုဘာတွေလဲ ငါ့ညီငါ့မောင်ရယ်တဲ့၊ အန်တီရေ ကန်တော့ လူမှာဖြစ်တတ်တဲ့လိပ်ခေါင်း'

အားလုံးထဲမှ ရယ်သံသဲ့သဲ့ကြားရသည်။ ဒါကိုကျော်ကိုက ခပ်တည်တည်နဲ့။

'မယုံမရှိနဲ့ပရိသတ် . . . လက်တွေ့ပြမယ်၊ လိပ်ခေါင်းရှိသူများ ဟောဒီကြည့်နေတဲ့အထဲမှာပါရင် မရှက်နဲ့၊ စည်းဝိုင်းထဲဝင်လိုက် ဟောဒီ နဂါးနိုင်သီးနဲ့တို့လို့ တွန့်ခနဲတွန့်ခနဲမှ မတက်ရင် သဘောရှိပြော၊ ကဲ. . ပြောပါဦး လက်တွေ့ပြရအောင် လိပ်ခေါင်းရှိသူများ ပါရှိပါသလား၊ ရှိရင်လက်တွေ့ပြချင်လို့'

ဆိုပြီး ခပ်တည်တည်နှင့် လိုက်မေး၏။ မည်သူမျှ မထွက်လာ။

ဘယ်ထွက်လာမှာတုံး။ ကိုယ့်မှာလိပ်ခေါင်းရှိတယ်ထားဦး။ လူရှေ့သူရှေ့ စည်းဝိုင်းထဲဝင် ဘယ်ဖင်လှန်ရဲမတုံး။ ဒါနဲ့ ဘယ်သူမှထွက်မလာတော့မှ

'ကဲ. . မေးကြပြန်ပြီ၊ ဒီနဂါးနိုင်သီးဟာ မြွေ၊ လိပ်ခေါင်း၊ ဒီလောက်ကိုပဲစွမ်းသလားတဲ့၊ ဟုတ်ကဲ့. . ပြောပြီးသားပါ၊ ကျောရိုးရှည်သတ္တဝါအားလုံးကိုနိုင်ပါတယ်ဆိုနေ၊ ငါ့ညီ မင်းပြောတာတော့ဟုတ်ပါပြီ၊ ကျောရိုးရှည်

www.foreverspace.com.mm

သတ္တဝါဘာကျန်သေးလဲ၊ ဟုတ်ကဲ့ပြောပြပါ့မယ်၊ ဟိုး . . တရုတ်ပြည်ဘုရင် ခေတ်က ချန်ဘုရင်ဟာ ဟောဒီ နဂါးနိုင်နွယ်သီးကို စတင်တွေ့ရှိခဲ့ပါတယ်'

'နဂါးနိုင်သီးဘာတွေများ အစွမ်းထက်လို့လဲမေးနေကြတဲ့ ကိုကို၊ မမများ ချန်ဘုရင်နဲ့ပဲ ဥပမာပေးပါရစေ'

အားလုံးစိတ်ဝင်တစားနှင့် ကျော်ကို့ကိုကြည့်နေကြသည်။

'ချန်ဘုရင်မှာ မိဖုရားပေါင်း တစ်ရာနဲ့ဆယ့်နှစ်ယောက်တိတိရှိပါတယ်၊ ဒါနဂါးနိုင်သီးရဲ့အစွမ်းပါ'

အားလုံးထဲမှ ရယ်သံသဲ့သဲ့ကြားရပြန်သည်။ အမျိုးသားများ စိတ်ဝင်စားကာ ရှေ့တိုးလာကြသည်။

'ဒီမှာမိတ်ဆွေ . . . လောဘကြီးပြီး တစ်လုံးလုံးမျိုချမိရင်တော့ ကိုယ့်ဘဝနဲ့ကိုယ်နော်'

ကျော်ကိုရဲ့စကားကို အမျိုးသားများ အကြီးအကျယ် သဘောကျကုန်၏။

'ကဲ . . အဲဒီလိုစွမ်းတဲ့ဆေး၊ ဟောဒီမှာ ကိုယ်တိုင်ကိုယ်ကျရောင်းပေးပါပြီဗျာ'

သူ့စကားကြောင့် ရှေ့တိုးသူတိုး၊ အိတ်နှိုက်သူနှိုက် ဖြစ်ကုန်၏။ အားလုံးကို ကြည့်ပြီးမှ ကျော်ကိုက . . .

'ကဲ . . အဲဒီ့သုံးမျိုးသုံးလီလက်တွေ့စမ်း၊ လက်တွေ့စမ်းတဲ့ နဂါးနိုင်နွယ်သီးကို ကျွန်တော်ရောင်းချပေးပါ့မယ်၊ ကဲ . . ဘယ်လိုရောင်းချပေးမှာလဲ၊ ဟောဒီမှာပါ'

'တကယ်အစွမ်းထက်တာမို့ ဈေးပေါပေါနဲ့လည်းမရောင်းနိုင်ပါဘူး၊ အဲ . . မိဘပြည်သူများ ဝယ်သုံးနိုင်အောင် ဈေးကြီးကြီးလည်း မယူပါဘူး၊ တစ်မျိုးကို နှစ်ထောင်နဲ့ သုံးမျိုးပေါင်းခြောက်ထောင်ပါ'

ကျော်ကို့စကားကြောင့် အားလုံးလှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ ခြောက်ထောင်ဆိုသောငွေကြောင့် ဝယ်ယူရန်တွန့်သွားကြသည်။ ဒါကို ကျော်ကိုက . .

'ငါ့ညီငါ့မောင်ရယ်တဲ့ . . . မင်းဟာမများလွန်းဘူးလား၊ ဟုတ်ကဲ့ . .

www.foreverspace.com.mm



ကျွန်တော့်ရဲ့နဂါးနိုင်နွယ်သီးဟာ တခြားလိမ်ရောင်းတဲ့ဆေးတွေလို အတုမဟုတ်ပါဘူး၊ မိဘပြည်သူများ မြင်တွေ့ပြီးသား ဖြစ်ပါတယ်၊ အဲ. . ဒါပေမဲ့ မိဘများကို ကူညီနိုင်စေခြင်းအလို့ငှာ ဆေးတစ်တောင့်ကို ခြောက်ထောင်မရောင်းပါဘူး၊ ကျွန်တော်က တစ်ထောင်ကျပ်လျှော့ကာ ငါးထောင်တည်းနဲ့ ရောင်းချပေးလိုက်ပါ့မယ်ခင်ဗျား၊ အားလုံးကို ကျေးဇူးတင်ပါတယ်'

ဆိုပြီး နဂါးနိုင်နွယ်သီးဆိုသော သူတို့လုပ်ထားသော သစ်သားပန်းပုရုပ်ကလေးများ ထင်ထားသည်ထက်စောကာ ပြိုက်ခနဲကုန်သွားလေသည်။

ထိုသို့ဖြင့် အရုပ်ကလေးတွေလုပ် နေရာစုံ မြွေတစ်ကောင်နှင့်လိုက်လံပြသရောင်းချရာ ငွေအတော်များများ စုမိသွားပြန်သည်။

တည်းခိုခန်းပြန်ရောက်တော့ နှစ်ယောက်စလုံး မလှုပ်နိုင် မရှားနိုင်ဖြစ်လောက်အောင် နွမ်းဖတ်နေသည်။ အဓိက အပင်ပန်းမခံနိုင်သောဝကြီးက ပိုဆိုးသည်။ ရောက်ပြီးကတည်းက ခုတင်ပေါ် ခြေပစ်လက်ပစ်ပင် လှဲနေရတော့၏။

ကျော်ကိုကတော့ သူ့အခန်းထဲတွင် မြွေတစ်ကောင်နှင့် ဘာလုပ်နေသည်မသိ။ ဝကြီးလည်း သိချင်စိတ်နှင့် အိပ်ရာမှ ငေါက်ခနဲထလိုက်သည်။ နောက် ကျော်ကို့အခန်းသို့ . . . ။

× × ×

www.foreverspace.com.mm

အခန်းထဲတွင် ကျော်ကိုရှိမနေ။ သူ့အခန်းထဲတွင် ဖယောင်းတိုင်များ ဟိုတစ်စသည်တစ်စ ပြန့်ကျဲနေသည်။ အခန်းထဲဝေ့ကြည့်လိုက်တော့ သေတ္တာကြီးတစ်လုံးသာ ထီးထီးကြီး။ မြွေသေတ္တာ။

မြွေသေတ္တာကိုမြင်တော့ ဝကြီး နဂါးနိုင်နွယ်သီး တကယ်စွမ်းမစွမ်း သိချင်သွား၏။ ထို့ကြောင့် ကျော်ကိုမရှိခင် မြွေသေတ္တာကြီးကို ဖုန်းခနဲဖွင့်လိုက်သည်။

ရှဲခနဲမြည်သံနှင့်အတူ မြွေကြီးပါးပျဉ်းထောင်ပြီး သေတ္တာထဲမှ ထွက်လာ၏။ ဝကြီး ပထမတော့ လန့်သွားသေးသော်လည်း သူ့တွင် နဂါးနိုင်နွယ်သီးရှိနေသေးသည်ကို သတိရကာ ပြုံးလိုက်မိသည်။ နဂါးနိုင်နွယ်သီးရှိနေသမျှ ဘာမြွေဆိုးမှကြောက်နေစရာ မလိုပြီမဟုတ်ပါလား။ ထို့ကြောင့် နဂါးနိုင်နွယ်သီးကို လက်ကကိုင်၊ မြွေကိုပြပြီး

www.foreverspace.com.mm



ရှေ့တိုးလိုက်သည်။

မြွေကြီးက အသည်းယားစဖွယ် လျှာကြီးပြူတစ်ပြူတစ်လုပ်ရင်း သူ့ကို စိုက်ကြည့်နေ၏။ သူလက်ယမ်းရာဘက် မြွေကြီးကယမ်းယမ်းသွား၏။ ပါးပျဉ်းကိုတော့မချသေး။ သူလည်း နဂါးနိုင်နွယ်သီးကိုပြရင်း အရှေ့နီးနိုင်သမျှနီးရန် တိုးသွားချိန် . . .

'ဟေ့လူ. . နောက်ဆုတ်. . နောက်ဆုတ်'

ဟူသော ကျော်ကို၏အော်သံ။ ဝကြီးလည်း လန့်ပြီး နောက်ခုန်ဆုတ်ချိန်၊ ဖြီးခနဲမြွေကြီးကလှမ်းအပေါက်။

'ဟာ'

ဝကြီး ခြေထောက်ဘေးကခုတင်တိုင်ကို မြွေစွယ်ကဒေါက်ခနဲသွားထိသည်။ သီသီကလေးမှ သီသီကလေး။ ဒါတောင် မြွေကြီးကဒေါသမပြေသေးပဲ ဝကြီးနောက်လိုက်လာသေးတယ်။ ထိုအချိန်ကျမှ ကျော်ကိုရောက်လာပြီး မြွေကြီးကို ကျင်လည်စွာဖမ်းကာ သေတ္တာထဲ ပြန်ထည့်လိုက်သည်။ အားလုံးနေသားကျမှ ကျော်ကိုက ဝကြီးဘက်လှည့်ပြီး . . .

'ခင်ဗျား ဘာလုပ်တာလဲ၊ သေချင်လို့လား'

ဆိုတော့ ဝကြီးလည်းအူကြောင်ကြောင်နှင့် . . .

'မသိဘူးလေ. . နဂါးနိုင်နွယ်သီး ငါ့လက်ထဲမှာရှိတာဆိုတော့ မြွေများနိုင်မလားလို့'

သူ့စကားကို ကျော်ကိုက . . .

'အာ. . ဘယ်ကမြွေနိုင်ရမှာလဲဗျ၊ ဒါ ကျုပ်ကျင့်ပေးထားတာ'

'ဟင်. . မြွေကိုလေ့ကျင့်လို့ရတယ်'

ကျော်ကို၏ စကားကြောင့် ဝကြီးအံ့အားသင့်နေသည်။

'ဟုတ်တယ်. . . မြွေကိုကျုပ်ကျင့်ပေးထားတာ'

'ဘယ်. . . ဘယ်လိုကျင့်ထားပေးတာလဲဟင်'

ဝကြီး၏ သိလိုစိတ်နဲ့အမေး။ ဒါကိုကျော်ကိုက . .

'ဒီလိုလေဗျ၊ ဒီမြွေကြီးကို ကျုပ်ကယူယူလာခြင်း အစာမကျွေးဘဲထားတယ်'

www.foreverspace.com.mm



'အင်း'

'ဒီကောင်ကြီးအစာမစားရတာ ကြာလို့ ဒေါသထွက်လာချိန်ကျမှ ပိတ်စအနီတစ်ခုပေါ် ဖယောင်းအရည်ပျော်တွေထည့်ပြီး သူ့ကိုသွားပြတယ်'

'သွားပြတော့'

'သွားပြတော့ မြွေကြီးက ဒေါသကြီးပြီး ပေါက်တော့တာပေါ့'

'ဟင်. . အဲဒီလိုပေါက်တော့ရော'

'ပေါက်တော့ . . . သူ့သွားမှာဖယောင်းတွေကပ်ပြီး နေရခက်တော့တာပေါ့'

'ဩော်'

'ပြီးတော့မှအစာပြန်ကျွေး၊ နည်းနည်းကြာလာရင်ပြန်ထုတ်၊ ဒေါသဖြစ်အောင်စ၊ ဒေါသဖြစ်လာပြီဆို ပိတ်စအနီပေါ် ဖယောင်းရည်တွေထည့်ပြီးပြ၊ မြွေကဒေါသထွက်ပြီး ပေါက်ပြန်၊ သူ့အစွယ်မှာ ဖယောင်းစက်တွေကကပ်ပြန်နဲ့ ကြိမ်ဖန်များလာတဲ့အခါ ပိတ်စအနီပေါ် ဘာပဲတင်ထား တင်ထား မြွေကထိပါများတော့ ဖယောင်းပဲထင်ပြီး မပေါက်ရဲတော့တဲ့ဘဝ ရောက်သွားရတာပေါ့'

ကျော်ကို ရှင်းပြလိုက်တော့မှ ဝကြီး သဘောပေါက်သွားရသည်။

'ဟင်. . ဒါ. . ဒါဆို'

'ဒါလည်း လိမ်နည်းတစ်မျိုးပဲလေ၊ လူတွေကိုအယုံသွင်း၊ မြွေကိုကျင့်ပြီးမှ လိမ်ရတာ'

'ဒါဆို. . ဒီနဂါးနိုင်နွယ်သီးကိုသုံးမိရင်'

'သေမှာပေါ့'

'ဟမ်'

ကျော်ကို့ရဲ့အဖြေစကားကြောင့် ဝကြီးကြောင်နေမိသည်။ ဩော်. . ကိုယ့်မှာတော့ သူဒီတစ်ခါတော့ မလိမ်တော့ဘူးမှတ်နေတာ။ ဒါလည်းလိမ်တာပါပဲလား။

ဝကြီး ခန္ဓာကိုယ်များ လေးလံနေသည်။ သူ့စိတ်ထဲမှာ လူတွေကို လိမ်ချင်စိတ်လည်း မရှိတော့။ သူလည်းမလိမ်တတ်။ သို့သော် သူ့ဘဝက အလိုလို

www.foreverspace.com.mm



နေရင်း လူလိမ်ဘဝရောက်နေပြီ။ ဤဘဝမျိုး ဘယ်အထိဆက်ဖြစ်နေဦးမည် သူမသိ။

သက်ပြင်းကို ခပ်လေးလေးချလိုက်သည်။ ပြီးမှ ကျော်ကို့ဘက်လှည့်ပြီး . . .

'ငါကတော့ . . . ဒီဘဝမျိုးမှာ မပျော်မွေ့ချင်တော့ဘူးကွာ'

ကျော်ကိုက သူ့ကိုငေးကြည့်နေသည်။

'ဖြစ်နိုင်ရင် ကောင်းရောင်းကောင်းဝယ်တစ်ခုခုလုပ်ပြီး အတည်တကျလေး နေချင်တော့တာပဲ'

ကျော်ကို ခေါင်းတညိတ်ညိတ်လုပ်နေသည်။

'လူဆိုတာ ပျက်အစဉ်ပြင်ခဏပါကွာ၊ တို့တွေ ဒီလိုလိုက်ပြေးနေရတဲ့ဘဝ ဘယ်မှာပျော်ရလို့တုံး'

'အဲဒီတော့'

ကျော်ကိုက ဖြတ်မေးသည်။ ဝကြီးကသူ့ကိုလှည့်ကြည့်ပြီး . . .

'ငါတော့ နေရာအတည်တကျတစ်ခုမှာ လုပ်ငန်းအတည်တကျလုပ်ချင်တော့တာပဲ'

သူ့စကားကို ကျော်ကိုက ခေါင်းခပ်သွက်သွက်ညိတ်ပြီး . . .

'ကောင်းပြီလေ. . . ဒါဆိုကျွန်တော်စီစဉ်ပေးပါ့မယ်'

'ဘယ်မှာလဲ'

ဝကြီးရဲ့ အလောတကြီးအမေး။ ကျော်ကိုကတစ်ခွန်းတည်း . . .

'မော်လမြိုင်မှာ'

× × ×

www.foreverspaces.com.mm



မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းဈေးရဲ့ မျက်နှာစာတန်းမှာ ကျော်ကိုက ဆိုင်ခန်းသုံးခန်းတွဲကြီး ငှားလိုက်တယ်။

နေရာက အင်မတန်အချက်အချာကျတဲ့နေရာ။ ဖြတ်သွားဖြတ်လာများ လှည့်မကြည့်လို့မရတဲ့နေရာမို့ ဝကြီးကျေနပ်နေမိတယ်။

'ကဲ. . ဆိုင်ခန်းကတော့ရတယ် ဟုတ်ပါပြီ၊ မင်းဘယ်လောက်ငှားထားတာလဲ'

'တစ်လ'

ကျော်ကိုရဲ့အဖြေစကားကြောင့် ဝကြီးမျက်လုံးပြူးသွားတယ်။

'ဟင်. . တစ်လတည်း၊ တစ်လတည်းနဲ့ အလုပ်ဘယ်လိုဖြစ်မှာလဲ၊ နောက်ပြီး အရောင်းအဝယ်ကောင်းလာရင် ဆိုင်ရှင်တွေပြန်ယူပြီး'

www.foreverspace.com.mm

'ခင်ဗျားစောင့်ကြည့်ပါဦး'

ဝကြီး စကားမဆုံးခင် ကျော်ကို ဖြတ်ပြောလိုက်တာကြောင့် ပါးစပ်ပိတ်ထားလိုက်ရတယ်။ အတန်ကြာမှ ဆိုင်ကိုလှည့်ပတ်ကြည့်ရှုပြီး . . .

'နေပါဦး. . . ဆိုင်ကတော့ဟုတ်ပါပြီ၊ နို့. . . ဘာတွေရောင်းကြမှာလဲ'

ဆိုတာကို ကျော်ကိုက သူ့ဘက်ခပ်ဆတ်ဆတ်လှည့်ပြီး . . .

'အဲဒါကြောင့်ပြောတာ၊ ခင်ဗျား စောင့်ကြည့်ပါဦးလို့၊ ဟောဟိုမှာ လာနေပြီ ဟန်မပျက်နေ'

ဆိုပြီး မေးငေါ့ပြတော့ ကားအကောင်းစားကြီးပေါ်မှ ဆင်းလာတဲ့ လူတစ်ယောက်။ ကျော်ကိုက ပြုံးရွှင်သောမျက်နှာဖြင့် ဆီးကြိုလိုက်တယ်။

'လာဗျာ. . . ကိုမင်းနိုင်၊ ဒါကျွန်တော်တို့ဆိုင်နေရာပါပဲ၊ ဒါက ကျွန်တော့်သူဌေးကိုမြင့်ဦး. . တဲ့'

ကျော်ကိုက ဝကြီးဘက်ပါ လှည့်ပြီးမိတ်ဆက်ပေးတယ်။ ဝကြီးရဲ့စိတ်ထဲမှာတော့ သြော်. . ငါသူဌေးဖြစ်ရပြန်ပါပြီဆိုပြီး ဖြစ်နေမိတယ်။

'တွေ့ရတာဝမ်းသာပါတယ်၊ ကျွန်တော် ကုမ္ပဏီကဒါရိုက်တာ မင်းနိုင်ပါ'

'ဟုတ်ကဲ့၊ ကျွန်တော်မြင့်ဦးပါ'

ဆိုပြီး နှုတ်ဆက်ပြီးတော့ ဦးမင်းနိုင်ဆိုသူက ဆိုင်နေရာလှည့်ပတ်ကြည့်ရှုပြီး . . .

'အေးဗျာ. . နေရာလေးကတော့ကြိုက်ပါတယ်၊ ခွင်ကတော့ ခွင်ကောင်းပဲ လမ်းရဲ့မျက်နှာစာလည်းဖြစ်၊ လူစည်ကားတဲ့နေရာလည်းဖြစ်တော့ ဒီဆိုင်ကိုကျော်သွားလို့မရတာအမှန်ပဲ'

သူ့စကားကို ကျော်ကိုက အားတက်သရောဖြင့် . . .

'အဲဒါကိုပြောတာပေ့ါ ကိုမင်းနိုင်ရဲ့၊ စီးပွားရေးလုပ်တယ်ဆိုတာ ငွေတွေရှိနေရုံနဲ့ မဖြစ်ဘူးလေ၊ မြင်တတ်ဖို့လည်းလိုတယ်၊ အရင်ကဒီနေရာကို ဘယ်သူမှ စိတ်ဝင်စားကြတာမဟုတ်ဘူး၊ အခုကျွန်တော့်သူဌေးက အကွက်ကျကျစဉ်းစားပြီး ဝယ်လိုက်မှ လူတိုင်းသွားရည်ကျစရာနေရာ ဖြစ်လာတာ'

www.foreverspace.com.mm

'မှန်တယ်ဗျာ . . . ကိုမြင့်ဦးစီးပွားရေးအကွက်မြင်တတ်ပုံကို ချီးကျူးပါတယ်'

ဝကြီးခမျာလည်း ဘာမှမသိရဘဲ ပြုံးပဲပြုံးပြနေရသည်။ ဘာအကွက်မြင်လဲသူမသိ။ ဒီကိစ္စက သူလုပ်တဲ့ကိစ္စမှမဟုတ်ဘဲ။ ဒါကို ဦးမင်းနိုင်ဆိုသူက . . .

'ကဲ . . အဲဒီတော့ ကျွန်တော်တို့ဘက်က လုပ်ပေးရမှာတွေကို ပြောပါဦး ကိုမြင့်ဦး'

ဆိုတော့ ဝကြီးလည်း ဘာမှတိုင်ပင်ထားခြင်းမရှိတာမို့ အိုးတိုးအတတွေဖြစ်နေတယ်။ ဒါကို ကျော်ကိုကသာ ကြားဖြတ်ပြီး . . .

'ဒီလိုခင်ဗျ ဦးမင်းနိုင်ရေ၊ ကျွန်တော်တို့ ဒီဆိုင်ကို ဖွင့်မယ်ဆိုတော့ စီးပွားရေးလုပ်ငန်းရှင်အားလုံးက စိတ်ဝင်စားနေကြတယ်ဆိုတာ ဦးမင်းနိုင်အသိပဲလေ'

'အင်း . . . ဟုတ်ပါတယ်'

'အဲဒီတော့ . . . သူ့ပစ္စည်းတွေ ကျွန်တော်တို့ဆိုင်က ယူတင်ပေးပါ၊ ကိုယ့်ပစ္စည်းတွေ ဒီဆိုင်မှာယူတင်ပေးပါ စသည်ဖြင့် အများကြီးမှ အများကြီး'

'အင်း . . အဲဒီတော့'

'အဲဒီ့တော့ဗျာ . . . ကျွန်တော်တို့ကလည်း သူတို့ပစ္စည်းတွေတင်ပေးချင်တယ်၊ ဒါပေမဲ့ သူတို့တွေရဲ့ပစ္စည်းတွေက စိတ်ချရလား၊ ဘာလားကျွန်တော်တို့ မသိနိုင်ပါဘူး'

'အင်း . . အဲဒါတော့ဟုတ်ပါရဲ့'

'အခုတော့ ဦးမင်းနိုင်ကိုမြင်တာနဲ့ ကျွန်တော်တို့ စိတ်ချလက်ချအလုပ်လုပ်လို့ရပြီမှန်း သိလိုက်ရပြီ၊ အဲဒီတော့ ဦးမင်းနိုင်တို့ကုမ္ပဏီက ပစ္စည်းတွေကို ကျွန်တော်တို့ဆိုင်မှာတင်ပြီး ဖြန့်ပေးမယ်'

'အဲဒီအတွက်ကို ဦးမင်းနိုင်က ကျွန်တော်တို့ဆိုင်အတွက် လိုအပ်တဲ့ပစ္စည်းတွေကို ချပေးရမယ်၊ ငွေကိုတော့ ဦးမင်းနိုင်ပစ္စည်းတွေရောင်းပြီးသလောက် ပစ္စည်းတန်ဖိုးအတိုင်း ခေါက်ပြန်ပေးနဲ့ရှင်းပေးမယ်၊ ဘယ့်နှယ်လဲ'

www.foreverspace.com.mm



ဆိုတော့ ဦးမင်းနိုင်က ခေတ္တတွေဝေသွားပြီး . . .

'အင်း. . အစီအစဉ်ကတော့ မဆိုးပါဘူး၊ ဒါပေမဲ့ ခေါက်ပြန်ပေးဆိုတာက'

သူ့စကားမဆုံးခင် ကျော်ကိုက

'အဲဒီ့အတွက်ကတော့ စိတ်သာချ ဦးမင်းနိုင်ရေ၊ ကျွန်တော့် သူဌေးဦးမြင့်ဦးဆိုတာ ရန်ကုန်စီးပွားရေးလောကမှာ နာမည်တစ်လုံးနဲ့ နေတာပဲ၊ ဦးမင်းနိုင်တို့လည်းကြားဖူးမှာပါ၊ ဟုတ်တယ်မဟုတ်လား'

ဆိုပြီး တည့်တည့်ကြီးမေးနေတော့ ဟိုကလည်း. . .

'ဟုတ်ကဲ့ ကြားဖူးပါတယ်၊ ကြားဖူးပါတယ်'

ဆိုပြီးဖြေလိုက်ရတယ်။ မကြားဖူးဘူးဆိုရင် ကိုယ်လည်းညံ့ရာကျမယ်။ နောက်ပြီး တစ်ဖက်သားကိုလည်း အားနာစရာကြီး။ ဒါ့ကြောင့် မကြားဖူးလည်း ကြားဖူးတယ်လုပ်ရတော့တာပေါ့။

'ကဲ. . . အဲဒါပါပဲ၊ ကျွန်တော်တို့စီးပွားရေးလောကဆိုတာ ယုံကြည်မှုနဲ့လုပ်ရတာပါ၊ ဦးမင်းနိုင်မှ ဒီဆိုင်ကိုပစ္စည်းမတင်ရင် ဦးအေးမြင့်ဆီက'

'ဘာ. . အေးမြင့်ဟုတ်လား'

ဦးအေးမြင့် အသံကြားတာနဲ့ ဦးမြင့်နိုင်တုန်တက်သွားတယ်။ ကြည့်ရတာ သူတို့နှစ်ယောက် စီးပွားပြိုင်ဖက်ဖြစ်မယ်ထင်တယ်။ ဒါ့ကြောင့်လှုပ်လှုပ်ရှားရှားနဲ့ . . .

'အို. . အေးမြင့်ဆီကတော့မယူပါနဲ့၊ ဒီကောင်က လူလည်'

'အဲဒါ ကျွန်တော်လည်း စဉ်းစားနေတာ၊ သူဘာလို့ ကျွန်တော်တို့ဆိုင်ထဲ ပစ္စည်းတွေလာလာထိုးပေးနေလဲလို့'

ကျော်ကိုက ဘယ်သူမှတောင်မလာသေးဘဲ မီးလောင်ရာလေပင့်လုပ်တယ်။ ဒါကို ဦးမင်းနိုင်က . . .

'ဒီကောင့်ဆီက ပစ္စည်းတော့မယူနဲ့ဗျာ၊ ခင်ဗျားတို့ဆိုင်က လိုတဲ့ပစ္စည်းကျုပ်အခုချက်ချင်းချပေးမယ်'

ဆိုပြီး ကားကိုဝူးခနဲမောင်းထွက်သွားတယ်။ သိပ်မကြာလိုက်ဘူး။ လော်လီကားကြီးနှစ်စီးနဲ့ ပစ္စည်းမျိုးစုံတင်ကာ ဆိုင်ရှေ့ပြန်ရောက်လာတယ်။

www.foreverspace.com.mm



'ကဲ. . ရော့. . ဒီမှာ ပစ္စည်းစာရင်းဗျာ၊ ကျုပ်ကတော့ထိုင်မစောင့်နိုင်တော့ဘူး၊ ခင်ဗျားတို့ဘာသာ စစ်ယူတော့'

ဆိုကာ ရိုကျိုးသောမျက်နှာမျိုးနဲ့ . . .

'ဦးမြင့်ဦးခင်ဗျား၊ ကျွန်တော်အလုပ်တွေရှိသေးလို့ ခွင့်ပြုပါဦး'

ဆိုကာ ကားကို ဝူးခနဲမောင်းထွက်သွားတယ်။ သူထွက်သွားတော့မှ ဝကြီးက ဝမ်းသာအားရနဲ့ ကျော်ကို့နားကပ်ပြီး . . .

'ဟေ့ကောင် . . . ဟုတ်လှချည်လား၊ ဘာတစ်ခုမှမဝယ်ရ၊ ဘာပိုက်ဆံမှလည်းမစိုက်ရဘဲ ပစ္စည်းတွေလာချနေတာ မနည်းပါလား၊ ငါတို့တော့ အေးအေးဆေးဆေးလုပ်စားလို့ရပြီနော့'

ဆိုတော့ ကျော်ကိုကပြုံးပြီး . .

'ဒါဘာဟုတ်သေးလို့လဲဗျာ၊ ဒီထက်ကို အများကြီးပိုရစရာရှိသေးတယ်၊ မယုံရင်ကြည့်၊ ဟော. . ဟိုမှာလာနေပြီ'

စကားမဆုံးခင် သူညွှန်ပြရာကြည့်လိုက်တော့ အကောင်းစားကားကြီးပေါ်ကနေ လူတစ်ယောက် သုတ်သီးသုတ်ပျာနဲ့ ဆင်းချလာတာ တွေ့ရတယ်။ နောက် ဝကြီးတို့နား ပြေးကပ်လာပြီး . . .

'ဟင်. . ဒါ. . . ဒါ. . ဘယ်လိုဖြစ်တာလဲ'

ဆိုတာကို ကျော်ကိုက အေးဆေးစွာဖြင့် . . .

'အဲဒါပဲကြည့်တော့ ဦးအေးမြင့်ရေ၊ စီးပွားသေချာပေါက်ဖြစ်မယ်မှန်းလည်းသိရော ဦးမင်းနိုင်လေ ချက်ချင်းပစ္စည်းတွေလာချသွားတာ၊ တားလို့တောင်မရဘူး'

သြော်. . . ဒီတစ်ယောက်က ဦးမင်းနိုင်နဲ့အပြိုင် ဦးအေးမြင့်ဆိုတာပါလား။ ဝကြီး စိတ်ထဲမှာမှတ်ထားလိုက်တယ်။

'ဟာ. . ကိုကျော်ကိုကလည်းဗျာ၊ ကျုပ်ပစ္စည်းတွေချပေးဖို့ စဉ်းစားတုန်းရှိသေးတာကို'

'ဈေးကွက်စီးပွားရေးစနစ်မှာ အချိန်ကြာကြာ စဉ်းစားနေလို့မဖြစ်ဘူးလေ၊ ဒုန်းခနဲ ဒိုင်းခနဲလုပ်ရတဲ့ခေတ်ဗျ၊ ဟော. . အခု ဦးအေးမြင့်က ခေါက်ပြန်ပေးအတွက် စဉ်းစားတုန်းရှိသေးတယ်၊ အကွက်မြင်တဲ့ ဦးမင်းနိုင်

က မြင်တဲ့အတိုင်းပဲ’

ဆိုတော့ ဦးအေးမြင့်လည်း ရှုံးရှုံးရှားရှားဖြစ်သွားပြီး . . .

‘အာ. . . ဒီလိုလုပ်လို့တော့ ဘယ်ဖြစ်မလဲဗျ၊ ပြောတုန်းက ကျုပ်နဲ့ အရင်ပြောထားပြီးမှ’

‘အဲဒါတော့မတတ်နိုင်ဘူး ဦးအေးမြင့်ရေ၊ ခင်ဗျားပစ္စည်းတွေ ထပ်ချချင်ရင်တော့တစ်ခုရှိတယ်၊ ကျွန်တော့်သူဌေးနဲ့ပြောကြည့် သူလက်ခံရင်သာ’

ဆိုပြီး ဝကြီးဘက်လှည့်ကာ. . .

‘သြော်. . မိတ်ဆက်ပေးဖို့တောင် မေ့နေတယ်၊ ဒါ. . . ရန်ကုန်က ကျွန်တော့်ရဲ့သူဌေး ဦးမြင့်ဦးတဲ့’

ဆိုကာ ကျော်ကိုကလွန်စွာကျိုးနွံဟန်ဖြင့် . . .

‘ဆရာ၊ ဒါ ကျွန်တော်ပြောပြောနေတဲ့ဦးအေးမြင့်လေ’

ဆိုတော့ ဝကြီးလည်းမှင်နဲ့ . .

‘သြော်. . ဟုတ်ပြီ၊ တွေ့ရတာဝမ်းသာပါတယ်’

သူ့စကားကို ဦးအေးမြင့်က . . .

‘နာမည်တော့ ကြားဖူးနေတာကြာပါပြီ၊ လူကတော့ ခုမှမြင်ဖူးတာပါ၊ ငယ်ငယ်ပဲရှိသေးတာပဲ’

‘ဟဲ ဟဲ ဟဲ ဟဲ’

ဝကြီး သဘောကျစွာရယ်လိုက်တယ်။ ဟိုက မြှောက်ပြောနေတာကိုး။ ဒါကို ဦးအေးမြင့်ကပဲ ရိုကျိုးဟန်နဲ့

‘ဒါနဲ့ ဆရာရယ် . . . ဆရာ့ဆိုင်မှာ ကျွန်တော့်ဆီက ပစ္စည်းလေးတွေ တင်ဖို့ အစကတည်းက ဆရာ့မန်နေဂျာကျော်ကိုနဲ့ ပြောထားရဲ့နဲ့၊ အဲဒါ’

ဆိုတော့ ဝကြီးကလည်း ခပ်တည်တည်နဲ့. . .

‘ဦးအေးမြင့်ပြောတာဟုတ်လား၊ ကျော်ကို’

ဆိုပြီး ကျော်ကိုဘက် ဘုမသိဘမသိလှည့်မေးလိုက်တော့ ကျော်ကိုလည်း ကြောက်ချင်ယောင်ဆောင်ပြီး မျက်လုံးလေးပေကလပ်၊ ပေကလပ်လုပ်ကာ . . .



www.foreverspace.com.mm

www.foreverspace.com.mm



'ဟုတ်ပါတယ်ဆရာ၊ ဒါကျွန်တော့်ရဲ့ပေါ့လျှော့မှုပါ'

'ပေါ့လျှော့လို့မရဘူးလေ၊ အခုဘယ်လိုလုပ်မှာလဲ'

ဆိုတော့ ကျော်ကိုက လက်ညှိုးကိုတောင်ထိုး မြောက်ထိုးလုပ်ပြီး

'ဟိုလေ. . အခုတစ်ခေါက်ကတော့ ဦးအေးမြင့်ရော၊ ဦးမင်းနိုင်ရော နှစ်ယောက်စလုံးရဲ့ပစ္စည်းတွေ ပေးတင်ပြီး နောက်မှ ဦးမင်းနိုင်ပစ္စည်းတွေ ဖြုတ်ချလိုက်တာပေါ့ဆရာ'

ဆိုပြီးပြန်ဖြေတယ်။ ဒါကိုဝကြီးကလည်း အလိုက်သင့်ပဲ။ ဦးအေးမြင့် ဘက်လှည့်ကာ . . .

'ကဲ. . . ကြားတဲ့အတိုင်းပဲ'

ဆိုပြီး လှည့်ထွက်သွားလိုက်တယ်။ ဟုတ်တယ်လေ။ ဆက်နေရင် လည်း သူဘာမှသိတာမှမဟုတ်တာ။ သူ့နောက်ကမှ ကျော်ကိုရဲ့ခပ်တိုးတိုး အသံက . . .

'သူ့ဌေးကတော့ ခင်ဗျားကြောင့် ကျုပ်ကိုစိတ်ဆိုးသွားပြီ၊ သွားဗျာ ခင်ဗျားပစ္စည်းတွေ မြန်မြန်ပြန်ယူပြီး လာသာချတော့'

ဆိုတဲ့အသံကြားရတယ်။ ဒီလိုနဲ့ သိပ်မကြာခင်မှာပဲ သူတို့ငှားထားတဲ့ ဆိုင်ခန်းသုံးခန်းတွဲဟာ အစကတော့ ကျယ်လှပြီထင်ရပေမဲ့ ချက်ချင်း ပစ္စည်းတွေနဲ့ ပြည့်နှက်သွားတယ်။ ပစ္စည်းစုံတာကလည်း အပ်ချည်လုံးက စလို့ အလှကုန်အလယ်၊ လိုချင်တဲ့ပစ္စည်းအစုံရနိုင်တဲ့ တကယ့်ကုန်စုံဆိုင်သ ယစတိုးကြီးတစ်ခု နေ့ချင်းညချင်း ပေါ်ထွက်လာတယ်။

ဦးအေးမြင့်ထွက်သွားပြီး သိပ်မကြာခင်မှာပဲ ရွှေတွေသီးထနေအောင် ဝတ်ထားတဲ့ မိန်းမကြီးတစ်ယောက် ရောက်လာပြန်တယ်။ အဲဒီအချိန်မှာ ဆိုင်ခန်းထဲသီးထနေတဲ့ ပစ္စည်းတွေကိုကြည့်ပြီး အံ့အားသင့်ကာ . . .

'ဟင် . . ဒါက ဘယ်လို . . . ဘယ်လို'

သူ့ခမျာ ဘယ်ကစပြီး ပြောရမှန်းမသိ ဖြစ်နေပုံရတယ်။ ဒါကိုကျော် ကိုက . . .

'မြင်တဲ့အတိုင်းပဲ ဒေါ်အေးတင်ရေ၊ ပစ္စည်းတွေက ဦးမင်းနိုင်ရော ဦးအေးမြင့်ရော နှစ်ယောက်လုံး တားလို့ကိုမရဘူး'

www.foreverspace.com.mm



'ဒါ. . ဒါဆို ကျွန်မပစ္စည်းတွေက'

'အဲဒါတော့ လက်ခံလို့မဖြစ်တော့ဘူးဗျာ၊ ဒီဆိုင်နဲ့ အကျိုးတူပူးပေါင်းချင်ရင်တော့ ရှယ်ယာသာထည့်ပေတော့'

ကျော်ကိုရဲ့စကားကြောင့် ဒေါ်အေးတင်ဆိုသူ မိန်းမကြီးအားတက်သွားပြီး . . .

'ရှယ်ယာ. . . ဟုတ်လား၊ ဘယ်လောက်လဲ'

ဆိုတော့ ကျော်ကိုက ဝကြီးဘက်လှည့်ပြီး . . .

'ဆရာ . . . ရှယ်ယာထည့်ချင်လို့တဲ့ ဘယ်လောက်ဆိုရမလဲဆရာ'

ဆိုပြီး လှည့်မေးတော့ ဝကြီးလည်း ထင်မထားတဲ့မေးခွန်းမို့ အံ့အားသင့်ပြီး . .

'ရှယ်ယာ'

ဆိုတဲ့ အာမေဍိတ်သံထွက်သွားတယ်။ ဒါကို ကျော်ကိုက ဒေါ်အေးတင်ဘက်လှည့်ပြီး . . .

'ကဲ. . တစ်ရာတဲ့ဗျာ'

ဆိုတော့ အဘွားကြီးမျက်လုံးပြူးသွားပြီး . . .

'ဟင် . . . တစ်ရာတောင်'

'ဆိုင်အခြေအနေကိုကြည့်လေ၊ ကျွန်တော်တို့ မီနီမားကတ်ကနေ စူပါမားကတ်ဖြစ်အောင် နေ့ချင်းညချင်းလုပ်မှာ၊ ဒီမှာ ကုန်တိုက်ကြီးလည်း ဆောက်ဦးမှာဆိုတော့၊ အင်း. . ကုန်တိုက်ဖြစ်မှ ဒီငွေနဲ့မရတော့ဘဲဖြစ်နေမှာနော့'

ကျော်ကို့ စကားကြောင့် မိန်းမကြီးတွေသွားတယ်။ ပြီးတော့ ဆိုင်ကို ကြည့်တယ်။ ပြီးတော့ မိုးပေါ်ကိုမော့ကြည့်တယ်။ သူ့ခမျာစိတ်ကူးနဲ့ ကုန်တိုက်ဆောက်နေပုံရတယ်။ အတော်ကြာမှ . . .

'ကောင်းပြ၊ အခုငွေလွှဲလိုက်မယ်' ဆိုပြီး . . .

ကားကို ဝူးခနဲမောင်းထွက်သွားတယ်။ ကားထွက်သွားမှ ဝကြီးလည်း သက်ပြင်းချနိုင်တယ်။ ပြီးတော့ သူ့စတိုးဆိုင်ကို ပြန်ကြည့်မိတယ်။ ဆိုင်အတွက်စင်တွေ၊ အဝတ်အစားချိတ်ဖို့ချိတ်တွေကအစ သူတို့ဘာသာယူလာပြီး

www.foreverspace.com.mm



လာချိတ်ကြတယ်။ ဆိုင်ရဲ့နဖူးစည်းကို မော့ကြည့်လိုက်တော့ ဆိုင်နာမည် တွေ့ရတယ်။ စတိုးဆိုင်နာမည်ကိုလည်း ကျော်ကိုကပဲပေးထားတာ။

'လင်စိန်စတိုး. . တဲ့'

အဓိပ္ပာယ် မေးကြည့်တော့ လင်ကမှ ဝယ်ပေးချင်တယ်ဆိုရင် ဒီစတိုးမှာ စိန်အထိဝယ်လို့ရတယ်ဆိုတဲ့ သဘော။ ဒါပေမဲ့ မသိတဲ့လူတွေကတော့ ဝကြီးကို သူဌေးကြီးဦးလင်စိန်ဆိုပြီး ခေါ်ရလောက်တဲ့အထိ အောင်မြင်လာတယ်။

ဖွင့်ခါစတစ်ရက်မှာ သူတို့နှစ်ယောက်ပဲ ဒိုင်ခံရောင်းပေမဲ့ နောက်နေ့ကစပြီး အရောင်းစာရေးရှစ်ယောက် ခန့်ထားလိုက်ရတယ်။ ဒါတောင် ရှစ်ယောက်နဲ့ လက်မလည်လို့ ဝကြီးကိုယ်တိုင် ဆင်းရောင်းရသေး။

ဆိုင်ဖွင့်ပြီး သုံးရက်မြောက်လောက်မှာတင် ဆိုင်ရဲ့တိုးတက်မှုကို မြင်ပြီး မြို့ပေါ်ကသူဌေးတွေက သူတို့ဒီဆိုင်ထဲ ရှယ်ယာဝင်ဖို့ တောင်းဆိုလာကြတယ်။ ဒါနဲ့ပဲ . . . ။

× × ×

www.foreverspaces.com.mm



နေ့ချင်းညချင်းပါပဲ။ ဝကြီးခမျာ ဘာမှမရှိရာကနေ စတိုးဆိုင်ကြီးတစ်ဆိုင်နဲ့ ငွေပုံပေါ်ထိုင်ရတဲ့ဘဝရောက် သွားတော့တယ်။

ရှယ်ယာဝင်ထားကြတဲ့ ငွေတွေလည်းမရေနိုင်။ ဆိုင်ကရောင်းရတဲ့ငွေတွေ မရေနိုင်နဲ့ ဝကြီးခမျာ ငွေပုံကြီး ကြားမှာ ဗျာများနေရတော့တာ။

ကျော်ကိုကတော့ လှည့်တောင်မကြည့်ဘူး။ အကောင်းစားဝီစကီတစ်ခွက်နဲ့ မျက်လုံးလေးစင်းပြီးအရသာခံနေတယ်။ သူ့ပုံကြည့်ရတာ တစ်ခုခုကိုအကြံထုတ်နေပုံရတယ်။

ကျော်ကို့ကို ကြည့်ပြီး ဝကြီးလည်းစိုးရိမ်နေတယ်။ ဒီကောင် တစ်ခုခုလုပ်ပြီး လိမ်ပြီးထွက်ပြေးသွားမှာကိုး။ ဒါ့ကြောင့် ဝကြီး ကျော်ကို့နားကပ်ပြီး . . .

စိုးမိုးစ၇၄ပ

www.foreverspace.com.mm



'ဘာစဉ်းစားနေတာလဲ'

ကျော်ကို ဝကြီးကိုဝေ့ကြည့်တယ်။ ပြီးတော့ဘာမှပြန်မပြောဘဲ ငြိမ်နေတယ်။ ကျော်ကို့ကိုကြည့်ပြီး ဝကြီးလည်းမရိုးမရွဖြစ်ကာ . . .

'အခုငါတို့ဟာ ငွေကြေးအတန်အသင့်ချမ်းသာတဲ့ သူဌေးကြီးတွေဖြစ်နေပြီနော်'

ဆိုတော့ ကျော်ကိုက . . .

'အဲဒါ . . . ကိုယ့်ငွေမှမဟုတ်ဘဲဗျ'

'အေးလေ. . . ကိုယ့်ငွေမဟုတ်ပေမဲ့ အားလုံးကိုယ့်ကိုယုံကြည်လို့ ပုံအပ်ခဲ့ကြတာချည်းပဲ၊ ငါကတော့ ဒီငွေတွေရင်းပြီး ဒီထက်တိုးပွားအောင်လုပ်ရမှာပဲ'

သူ့စကားကို ကျော်ကိုက . . .

'ဒီမှာကိုဝကြီး အခုကျုပ်တို့လုပ်နေတာ သူများငွေနဲ့သူဌေးလုပ်နေရတာဗျ၊ အဲ. . . အဲဒီမှာတစ်ယောက်ယောက်က ယောင်ယောင်ကန်းကန်းနဲ့နုတ်ထွက်သွားရင် ကျန်တဲ့သူတွေကလည်း ဘုမသိဘမသိ လိုက်ထွက်ကုန်ကြမယ်၊ အဲဒီတော့ကျရင် ကျုပ်တို့ဆီမှာ အခွံပဲကျန်လိမ့်မယ်၊ ကိုယ်ပိုင်တာဆိုလို့ ဆိုင်ခန်းတောင်မရှိဘူး။ ဆိုင်ခန်းကလည်း တစ်လပဲငှားထားတာ၊ ခင်ဗျားစဉ်းစားသာကြည့် ကျုပ်တို့အတွက် အရှုံးချည်းပဲ၊ သူတို့အတွက်က အမြတ်ချည်းပဲ၊ သူတို့မြတ်ဖို့ ကျုပ်တို့က ရောင်းကျွေးနေရသလို ဖြစ်နေပြီ'

ဝကြီး ခေါင်းကုတ်လိုက်သည်။ ကျော်ကိုပြောတော့လည်း ဟုတ်သလို၊ အရင်းရှင်များအတွက် ကိုယ်ကပဲရင်းပြီး လုပ်ကျွေးနေရသလို။

'အဲဒီတော့. . . မင်းဘယ်လိုလုပ်ချင်တာလဲ'

ကျော်ကိုပြုံးရင်း ဝကြီးကို မထီတရီကြည့်တယ်။

'အဲဒီငွေတွေ ကျုပ်တို့ငွေဖြစ်အောင် လုပ်ရမှာပေါ့'

ရာသီဥတုသာယာနေပါသည်။ သစ်ပင်များလည်း စိမ်းလန်းနေပါသည်။ ဖြတ်သွားဖြတ်လာ ကျဲပါးနေသော်လည်း လင်စိန်ဆိုင်တွင် လူများကြိတ်ကြိတ်တိုးနေ၏။

× × × × ×

www.foreverspace.com.mm

တစ်နေကုန်ပင်ပန်းသမျှ ညဘက်ရောက်တော့ ဝကြီးခေါင်းချလိုက်သည်နှင့် မှေးခနဲအိပ်ပျော်သွားသည်။ တစ်ရေးနိုး၍ ထကြည့်တော့ ကျော်ကို့ကို မတွေ့ရ။

ဘယ်သွားနေပါလိမ့်။ ဒီကောင်ညလုံးပေါက်ပဲ အရက်လည်သောက်နေလား။

စဉ်းစားမိပြီး ဝကြီးအိပ်ရာပြန်ဝင်လိုက်သည်။ သိပ်မကြာခင် ကားကြီးများအပြင်းမောင်းနှင်လာသံကြားရ၏။ ဝကြီးထမကြည့်ဖြစ်။ သူ့ဘာသာသူ တစ်နေရာကို မောင်းသွားသည်ဟု ထင်နေမိသည်။ နောက်မှကားကြီးများ သူ့ဆိုင်ရှေ့ဆိုက်ကပ်သံ၊ ဆိုင်တံခါးဖွင့်သံများကြား၍ ဝကြီးအံ့အားသင့်သွားသည်။ ဒီအချိန်ကြီး ဘယ်သူ ဆိုင်တံခါးလာဖွင့်ပါလိမ့်။

'သူခိုးများလား'

www.foreverspace.com.mm



သူစဉ်းစားနေတုန်းမှာပင် သူ့အခန်းသို့ ကတိုက်ကရိုက်ပြေးလာသော အသံ။

ကျော်ကို. . .

'ဟေ့လူ. . ကိုဝကြီး ထထ၊ မြန်မြန်ထ'

ဆိုတော့ ဝကြီးလည်း အံ့အားသင့်သွားပြီး . . .

'ဘာ. . ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲဟင်'

'ဘာဖြစ်တာလဲမမေးနဲ့၊ အမြန်သာထ'

ဆိုပြီးလှည့်ထွက်သွားတော့ ဝကြီးလည်း အူကြောင်ကြောင်နှင့် သူ့နောက်လိုက်သွားမိသည်။

'ဟင်'

မြင်ရသောမြင်ကွင်းကြောင့် ဝကြီး အံ့အားသင့်သွားသည်။ ဆိုင်ထဲရှိ ပစ္စည်းရှိသမျှကို ကားပေါ် အကုန်ပစ်တင်နေကြသောမြင်ကွင်း။

'ဟင်. . ဒါ. . ဒါကဘာလုပ်'

သူ့စကားပင်မဆုံးလိုက်၊ကျော်ကိုက . .

'ဘာလုပ်လဲမေးမနေနဲ့၊ ကျုပ်တို့ ဒီပစ္စည်းတွေ ငွေတွေအားလုံး မ, ပြီးပြေးကြမယ်'

'ဟာ'

ကျော်ကိုရဲ့ အဖြေစကားကြောင့် ဝကြီးအံ့အားသင့်သွားသည်။

'ဘာ. . ဘယ်လို၊ တို့ဒါတွေ အားလုံးမ,ပြီးပြေးကြမယ် ဟုတ်လား'

'အေးလေဗျာ၊ ဒါမှ ဒီပစ္စည်းတွေ ငွေတွေ ကျုပ်တို့ပိုင်မှာ'

'ဘာ'

ဝကြီးထံမှ ကျယ်လောင်သောအာမေဋိတ်သံ။ ကြည့်စမ်း။ ဒါတွေအားလုံးကို မ,ပြီးပြေးမတဲ့။ လူတွေရဲ့ ယုံကြည်မှုတွေ၊ လူတွေရဲ့အထင်ကြီးမှုတွေ၊ လူတွေရဲ့ အားကိုးအားထားပြုမှုတွေအားလုံးကို အလွဲသုံးစားပြုပြီး ထွက်ပြေးသတဲ့။ ဝကြီးလည်း ကျော်ကိုရဲ့ပြုမူပုံကိုမခံမရပ်နိုင်ဖြစ်သွားပြီး . . .

'ဟေ့ကောင်. . ဒါတော့မင်းလုံးဝမလုပ်သင့်ဘူး'

'ရှူး. . . တိုးတိုးလုပ်ပါ'

www.foreverspace.com.mm



'မလုပ်နိုင်ဘူး ဟော့ကောင်၊ မင်းစဉ်းစားကြည့်စမ်း၊ ဒီဆိုင်လေး တစ်ဆိုင်နဲ့ တို့တစ်သက်လုံး လူကြီးလူကောင်းလို လုပ်စားလို့ရနေတဲ့ဟာကို'

'ဘာမှတစ်သက်လုံးလုပ်စားလို့မရဘူး၊ ဆိုင်ခန်းကိုက တစ်လတည်း ငှားထားတာ'

'ဟမ်'

ကျော်ကို့စကားကြောင့် ဝကြီး ဘာဆက်ပြောလို့ပြောရမှန်းမသိ ဖြစ်သွားရသည်။ သူပြောတော့လည်းဟုတ်သား။ ဆိုင်ခန်းက တစ်လတည်းငှား ထားတာ။

'ကဲ. . ခင်ဗျားကို ရှယ်ယာထည့်ထားတဲ့ငွေတွေသွားယူ၊ အချိန်ရှိ တုန်းလစ်ကြရအောင်'

ဆိုတော့ ဝကြီးက . . .

'မဟုတ်သေးဘူးကွ၊ ဒီဆိုင်ခန်းကိုထပ်ငှားရင်'

'ကျုပ်စုံစမ်းပြီးပြီ၊ ဘေးနှစ်ခန်းပဲ ပြန်ငှားလို့ရမယ်၊ အလယ်ခန်းက ဦးမင်းနိုင်ဝယ်ထားလိုက်ပြီ'

'ဟင်. . ဒါ. . . ဒါဆို'

'ဒီနေရာမှာ ဒီလိုလုပ်လို့ရမှန်းသိတော့ ကျုပ်တို့စီးပွားကို ဝင်ဖျက်တဲ့ သဘောပါပဲ၊ မကြာခင် သူ့ရှယ်ယာကို ပြန်ထုတ်လိမ့်မယ်၊ ပြီးရင်သူ့ဘာ သာသူ ဒီနေရာမှာ ဆိုင်ပြန်တည်လိမ့်မယ်၊ အဲဒီတော့ကျရင် ကျုပ်တို့ဆီ ဝင်ထားတဲ့ ရှယ်ယာတွေက သူ့ဆီသေချာပေါက် ပြန်ဝင်လိမ့်မယ်၊ အဲဒီ တော့ကျမှ ကျုပ်တို့မှာအခွံချည်းပဲရှိမှန်း လူတွေသိကုန်လိမ့်မယ်'

'ဩော်'

ထိုတော့မှ ဝကြီးရှင်းသွား၏။

'ကဲ. . ပြောနေကြာတယ်၊ ပိုက်ဆံတွေသွားယူချည်ဗျာ၊ လစ်ကြရ အောင်'

ဝကြီးလည်း မငြင်းနိုင်တော့။ အခြေအနေက ကျော်ကိုပြောသည့် အတိုင်း ဖြစ်နေပြီမို့ လက်မခံလို့မဖြစ်။ ထို့ကြောင့်လည်း . . .

× × × × ×

www.foreverspace.com.mm



ညက ဖြည်းဖြည်းလေးအေးနေသည်။ ကုန်ပစ္စည်းတွေ၊ ငွေတွေအပြည့်တင်ထားသော ကားပေါ်တွင် ဝကြီးနှင့်ကျော်ကို ခပ်ငြိမ့်ငြိမ့်ကလေး လိုက်ပါလာကြသည်။

မနက်ကျမှ ဟောင်းလောင်းပေါက်ဖြစ်နေသော လင်စိန်ဆိုင်ကြီးကိုကြည့်ရင်း လူတွေအံ့အားသင့်မှာ မြင်ယောင်နေမိသေး၏။

ကျော်ကို့ကိုကြည့်တော့ စီးကရက်ကလေး လက်ကြားညှပ်ပြီး အေးနေ၏။

'မနက်ကျရင် တို့ဆိုင်ကြီးဟောင်းလောင်းပေါက်ဖြစ်နေရင် ဟိုလူတွေ ဘယ်လောက်ဆွေ့ဆွေ့ခုန်ကုန်မယ် မသိဘူး။ တို့နောက်လည်း လိုက်ချင်လိုက်လာကြမှာနော့'

ဝကြီး၏ စကားကို ကျော်ကိုကပြုံးပြီး . .

'မသိနိုင်ပါဘူး'

www.foreverspace.com.mm



'ဘာလို့'

'မနေ့ကတည်းက ဒီနေ့ဆိုင်ပိတ်မယ်လို့ သတင်းလွှင့်ထားပြီးသားလေ။ ဒါ့ကြောင့် ကျုပ်တို့ပျောက်သွားတာ သူတို့ချက်ချင်း မသိနိုင်သေးဘူး'

'သြော်'

သြော်. . တယ်လည်းအကွက်စေ့တဲ့ကောင်ပါလား။ ဒီလိုဦးနှောက်မျိုးနဲ့ ကောင်းရောင်းကောင်းဝယ်သာ လုပ်စားလျှင် အစောကြီး ကြီးပွားတိုးတက်နေမှာဧကန်ပင်။ အခုတော့. .

'အေးဗျာ . . . ကျုပ်လည်းစဉ်းစားမိတယ်'

ကျော်ကိုရဲ့စကား။ ဝကြီးငေ့ကြည့်သည်။

'ကျွန်တော်တို့ ဒီလိုပဲ ဟိုပြေးဒီပြေးနဲ့လုပ်နေရတာ ကျုပ်တော့မုန်းလာပြီ'

'အဲဒီတော့'

ကျော်ကို စီးကရက်ကို ရှိုက်ဖွာလိုက်သည်။ ပြီးမှ ခေါင်းကိုမော့၍ မီးခိုးမှုတ်ထုတ်ရင်း . . .

'ဒီကပြန်ရင် ကျုပ်တို့အမှန်တကယ် ကောင်းရောင်းကောင်းဝယ် လုပ်စားတော့မယ်ဗျာ'

ကျော်ကိုရဲ့ စကားကြောင့် ဝကြီးဝမ်းသာအားရဖြစ်သွားကာ ကျော်ကို့လက်ကိုဆွဲရင်း . . .

'ကျေးဇူးတင်လိုက်တာကွာ၊ ဟား ဟားဟုတ်တယ်ကွ၊ ဒီကပြန်ရင် တို့ကောင်းရောင်းကောင်းဝယ် တစ်ခုခုတော့ လုပ်စားကြတာပေါ့ကွာ၊ ဒါနဲ့ ဘာလုပ်စားကြမှာလဲ'

'အင်း. . ကျွန်တော်လည်းစဉ်းစားတယ်၊ ဟိုမှာကလည်း ကိုယ်ပိုင်တိုက်ခန်းက ရှိနေပြီပဲ၊ ဒီတော့ ဒီကပါလာတဲ့ပစ္စည်းတွေနဲ့ ဟိုမှာ စတိုးဆိုင်ပဲ ပြန်ဖွင့်ကြရအောင်'

'ကောင်းလိုက်လေကွာ. . . ဈေးရောင်းရတာ ငါဝါသနာပါပါတယ်ကွ နောက်ပြီး မင်းအကြံအစည်နဲ့သာပေါင်းပြီး တို့လင်စိန်ဆိုင်ကို ပြန်ထူထောင်ရင် မကောင်းဘူးလား'

www.foreverspace.com.mm



သူ့စကားကို ကျော်ကိုက ခေါင်းခါရင်း . . .

'မကောင်းဘူးဗျ'

ဝကြီးမျက်မှောင်ကြုတ်ရင်း. . .

'ဘာဖြစ်လို့လဲ'

ကျော်ကိုက နေရာပြင်ထိုင်ရင်း. . .

'ဘာဖြစ်ရမှာလဲဗျ၊ လင်စိန်ဆိုတာ  လိမ်စဉ်ကိုပြောတာ'

'ဟင်'

'အဲဒါကြောင့် ဆိုင်နာမည်ပြောင်းရမယ်'

ဝကြီး ခေါင်းကုတ်၍စဉ်းစားလိုက်သည်။ ဟုတ်သား။ လင်စိန်ဆိုတာ စကားလိမ်နှင့် လိမ်စဉ်ကိုပြောတာပဲ။ ဘာမှ လင်ဝယ်ပေးရင် စိန်ထိရတာ မဟုတ်။ ဝကြီးသက်ပြင်းချလိုက်သည်။ နောက်မှ . . .

'ဒါနဲ့နေပါဦး၊ ငါတို့က ဘယ်အထိရောက်မှ လွတ်လပ်မှာလဲ'

သူ့အမေးကို ကျော်ကိုက ပြုံးရယ်လိုက်ပြီး . . .

'ဟား ဟား မဝေးတော့ပါဘူးဗျာ၊ ဟောဟိုးမှာမြင်နေရတဲ့ မော်လမြိုင်တံတားကြီး ကျော်သွားရင်ရပါပြီ'

ဝကြီးကြည့်လိုက်တော့ ဒိုင်းဝန်ကွင်းကနေ မော်လမြိုင်တံတားဘက်ကို ကားကကွေ့နေပြီ။ ကျော်ကိုက တံတားကို လက်ညှိုးထိုးရင်း . . .

'အဲဒီတံတားကြီးကို ဖြတ်ကျော်ပြီးရင် ကျွန်တော်တို့ကို ဘယ်လိုမှ လိုက်ဖို့မလွယ်တော့ဘူး၊ မော်လမြိုင်မြို့က ကျုပ်တို့ထွက်သွားပြီလေ၊ အဲဒီ တံတားကြီး၊ ဟင်'

ကျော်ကို့ စကားပင်မဆုံးလိုက်။ အံ့အားသင့်စွာ သူ့စကားရပ်သွား၏။ ဝကြီးလည်း တံတားကိုကြည့်လိုက်တော့ . . .

'ဟာ'

ညအချိန်မှာ ပိတ်ထားသော တံတား။ ကားက တံတားနားကျွံခနဲ ရပ်သွား၏။ ထို့အတူ လက်နှိပ်ဓာတ်မီးရောင်တဝင်းဝင်းနှင့် သူတို့ကားဆီ တရွေ့ရွေ့ချဉ်းကပ်လာသော ရဲတပ်ဖွဲ့ဝင်နှင့်လုံခြုံရေးများ။

သူတို့အားလုံး အကွက်စေ့စေ့စီစဉ်ပေမဲ့ တံတားကြီး ညအချိန် ဖြတ်

www.foreverspace.com.mm

www.linhtet.com



သန်းမှုမရှိစေရန် ပိတ်ထားကြောင်းကိုတော့ မေ့လျော့ခဲ့လေပြီ။

ဂေါက်ဂက်၊ ဂေါက်ဂက်။ ခြေသံများ တဖြည်းဖြည်းနီးလာပြီ။

ဝကြီးနဖူးမှ ချွေးများသီးထလာသည်။ ကျော်ကို့ကို ကြည့်တော့လည်း မှင်မပျက် စီးကရက်ခဲထားသော်လည်း လက်များတဆတ်ဆတ်တုန်နေသည်။

ဝကြီး သူ့နဖူးပေါ် စိမ့်ထွက်နေသော ချွေးများကို လက်နှင့်ပင်သပ်လိုက်သည်။ သူ့လက်၊ သူ့မျက်နှာနားရောက်တော့ အနံ့တစ်ခုသူရမိ၏။ ဇဝေဇဝါနှင့် လက်ကိုထပ်နမ်းကြည့်သည်။ မှန်၏။ ထိုအနံ့ကို သူတစ်ခါရဖူးပြီဖြစ်သည်။ အသေအချာ ထပ်နမ်းကြည့်သည်။ ဟုတ်သည်။

လက်ထိပ်နံ့ . . . ။

**အကြည်တော်**